ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ (11-9-2011) (၆၈၇၉)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆၆)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရန် ထွက်ခွာ

နေပြည်တော်　　စက်တင်ဘာ　　၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂဌာန၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးနှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ဖွင့်လှစ်ကျင်းပမည့် (၆၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့် ဝန်ကြီးရုံးဌာနစုမှူး ဦးကျော်ဇေယျာလင်းတို့ လိုက်ပါသွားကြသည်။　(သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အသိအမြင်တိုးမြှင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်မြှင့်ရန်လိုအပ်

သက်ဆိုင်သည့် အခန်းကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို တိုးမြှင့်ဆောင်ရွက်

နေပြည်တော်　　စက်တင်ဘာ　　၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ၂၀၀၂ ခုနှစ်မှ စတင်၍ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်ခြင်းများအား ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ AML / CFT လုပ်ငန်းစဉ်များကို ဗဟိုထိန်းချုပ်ရေးအဖွဲ့က ဦးဆောင်ပြီး ဥပဒေပြုရေးကဏ္ဍ၊ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကဏ္ဍ၊ ငွေရေးကြေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကဏ္ဍ စသည်ဖြင့် ဟန်ချက်ညီဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုများရရှိခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့သည်။

နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အသိအမြင်တိုးမြှင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (AML/ CFT Awareness Enhancing Workshop) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တွေ့ကြုံခဲ့ရသည့် ကမ္ဘာ့ငွေရေးကြေးရေး အကျပ်အတည်းကာလအတွင်း ကမ္ဘာ့နိုင်ငံများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်လျော့ကျခဲ့သဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ရန် လိုအပ်လာသည့်အတွက် AML/ CFT Global Action ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

သတင်းအညွှန်း

နိုင်ငံတော်အစိုးရသည် လက်ရှိအသုံးပြုနေသည့် ဟောင်းနွမ်းနေသော ပုဂ္ဂလိကပိုင် မော်တော်ကားများကို အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်သွားမည်၊ နိုင်ငံခြား ကားထုတ်လုပ်သည့်ကုမ္ပဏီများနှင့် ဆက်သွယ်ပြီး အရောင်းပြခန်း ဖွင့်လှစ်ရောင်းချနိုင်ရေး ခွင့်ပြုသွားမည် . . .　(သတင်း) စာမျက်နှာ ၂

စနေ၊ တနင်္ဂနွေတိုင်း လဟာပြင်ဈေး မြေကွက်လပ်တွင် အဟောင်းဈေးဆိုင်တန်း ဖွင့်လှစ်မည်　(သတင်း) စာမျက်နှာ ၇

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်နိုင်ရန် စီစဉ်လျက်ရှိ　(သတင်း) စာမျက်နှာ ၃

ယာဉ်တိုက်မှု ၉၀ ရာခိုင်နှုန်းခန့်မှာ ယာဉ်မောင်းများကြောင့်ဖြစ်　(သတင်း) စာမျက်နှာ ၁၀

နေပေါက်ကွဲမှုဖြစ်စဉ်များကြောင့် မြောက်ယဉ်စွန်းတန်းဒေသတွင် ဥတ္တရအလင်း ပေါ်ထွက်နိုင်　(သတင်း) စာမျက်နှာ ၉

ယူအက်စ်အိုးပင်း အင်ဒီမာရေးနှင့် ရာဖေးလ်နာဒယ်လ် ဆီမီးတက်　(သတင်း) စာမျက်နှာ ၁၁

၁၁-၉-၂၀၁၁
(တနင်္ဂနွေနေ့)

အရေးပေါ်အသက်ကယ်တင်မှု ရှေးဦးပြုစု

အရေးပေါ် ရှေးဦးပြုစုခြင်းသည် ဖြစ်ပွားသည့်နေရာနှင့် ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် ဆေးရုံ၊ ဆေးခန်းသို့ မရောက်မီစပ်ကြား အသက်ဆုံးရှုံးမှုမရှိစေရန် ပြုစုကာကွယ်ပေးခြင်းဖြစ်သည်။ နှစ်ကာလများစွာ စစ်ပွဲများမှ အစပြုခဲ့သော ရှေးဦးပြုစုခြင်းနည်းသည် မျက်မှောက်ခေတ်တွင် အရပ်ဘက်လူမှုပတ်ဝန်းကျင်၌ အရေးပေါ်အသက်ကယ်နည်း အတတ်ပညာအဖြစ် အသုံးဝင်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုများကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည်။ လူသားများသည် ယင်းသဘာဝဘေးအန္တရာယ်များကြောင့် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ ကြုံတွေ့ကြရမြဲဖြစ်သည်။ ယင်းသို့ လူမှုဒုက္ခခံစားရသူများအား ဘေးဒုက္ခမှ သက်သာစေရေး ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးကြရမည်ဖြစ်သည်။

မိမိပတ်ဝန်းကျင်နှင့် အများကောင်းကျိုး ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်ခြင်းသည် မြန်မာတို့၏ဓလေ့ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူကို ကူညီပံ့ပိုးခြင်း၊ ဒုက္ခရောက်နေသူကို အားပေးကူညီခြင်းသည် မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်ဖြစ်သည်။ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်၊ တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသူများ၊ မတော်တဆထိခိုက်ဒဏ်ရာရသူများအား အသက်ဆုံးရှုံးမှုမရှိစေရေး ရှေးဦးပြုစုကာကွယ်ပေးလျက်ရှိကြသည်။

ဘေးအန္တရာယ်တစ်ခုခု၊ ရုတ်တရက်နေထိုင်မကောင်းမှု၊ ရောဂါဝေဒနာခံစားရမှုတို့ကြောင့် အရေးပေါ်ကျန်းမာရေးအခြေအနေ ဖြစ်ပေါ်ပါက ပိုမိုမဆိုးရွားစေရန်နှင့် အလျင်အမြန် ပြန်လည်ကောင်းမွန်စေရန် ရှေးဦးပြုစုပေးရသည်။ ဖြစ်ပွားသည့်နေရာ၊ ဖြစ်ပွားသည့်အခြေအနေပေါ်မူတည်ကာ ချက်ချင်း ဆေးဝါးကုသမှုရရှိရန် အခက်အခဲရှိပါက ဆေးရုံ၊ ဆေးခန်း မရောက်မီစပ်ကြား အသက်နှင့်ခန္ဓာကိုယ်တည်မြဲရေး အကောင်းဆုံးပြုစုမှုပေးကြရပေသည်။

ရှေးဦးပြုစုခြင်း၏ အခြေခံပြုစုနည်းများတွင် အသက်ရှူလမ်းကြောင်းပွင့်စေရန်၊ အသက်ပုံမှန်ရှူနိုင်ရန်၊ သွေးလှည့်ပတ်မှု (သွေးခုန်မှု)ရှိစေရန်တို့ ပါဝင်သည်။ ထို့အတူ သွေးယိုထွက်နေခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အစာနင်ခြင်း၊ ရေနစ်ခြင်း၊ ဓာတ်လိုက်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ တက်ခြင်း၊ အရိုးကျိုးခြင်း၊ ကြွက်သားနှင့်အဆစ်အမြစ်များ ထိခိုက်ခြင်းတို့ကို သက်သာမှုရရှိစေရန် ပြုစုပေးခြင်းများလည်း လုပ်ဆောင်ကြရသည်။

ရှေးဦးပြုစုပေးခြင်းသည် လူသားချင်းစာနာထောက်ထားမှုကို အခြေခံ၍ ကူညီပေးခြင်းဖြစ်သည်။ လူ့အသက်ကို ကယ်တင်ပေးသည့် ကုသိုလ်ဒါနမြောက်သည်။ မိသားစုတစ်စုတွင် အနည်းဆုံးတစ်ဦး တတ်မြောက်ထားသင့်သည်။ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဟိုတယ်များတွင် ဝန်ဆောင်မှုပေးနေသူများ အရေးပေါ် အသက်ကယ်တင်မှု ရှေးဦးပြုစုခြင်းအတတ်ပညာ ကျယ်ကျယ်ပြန့်ပြန့် သိရှိတတ်မြောက်စေရေး သင်ကြားလေ့ကျင့်ပေးသင့်ကြောင်း တင်ပြလိုက်ရပေသည်။ ။

မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး

နိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ အကျိုးငှာ လက်ရှိအသုံးပြုနေသည့် အိုမင်းဟောင်းနွမ်းနေသော ပုဂ္ဂလိကပိုင် မော်တော်ကားများကို အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ အိုမင်းဟောင်းနွမ်းသော မော်တော်ကားများသည်-

(၁) စက်သုံးဆီ ပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း။

(၂) ယာဉ်များ၏ ကြံ့ခိုင်မှုအားနည်းခြင်းသည် မတော်တဆမှုများ ဖြစ်ပေါ်ခြင်း၊ ယာဉ်ကြောများ ပိတ်ဆို့ခြင်း။

(၃) ယာဉ်များမှထွက်သော မီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင် ပျက်စီးစေခြင်းတို့ကြောင့် လဲလှယ်နိုင်ရေးအတွက် စီစဉ်ပေးခြင်းဖြစ်သည်။

ထိုသို့လဲလှယ်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ ပူးပေါင်း၍ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်သည်-

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ကားများအနက် မှတ်ပုံတင်သက်တမ်း အနှစ် (၄၀) ကျော် ယာဉ်များ၊ အနှစ်(၃၀)ကျော်မှ အနှစ် (၄၀)ကြားယာဉ်များ၊ အနှစ်(၂၀) ကျော်မှ အနှစ်(၃၀)ကြားယာဉ်များကို သတ်မှတ်ထားသည်။

(၂) အထက်ပါမော်တော်ကားများကို မှတ်ပုံတင်သက်တမ်း အနှစ်(၄၀) ကျော် ယာဉ်များမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်သည်။

(၃) ကားဟောင်းများ အပ်နှံရေးကိစ္စ မှတ်ပုံတင်ပြီးစီးပါက အပ်နှံမှုအမှတ်အသားတစ်စောင် ထုတ်ပေးမည်ဖြစ်ပြီး ယာဉ်ဟောင်းအား ဆက်လက်အသုံးပြုနိုင်ကာ ထုတ်လုပ်သည့် မူလနိုင်ငံ၏ ရောင်းဈေး ဒေါ်လာသုံးထောင့်ငါးရာ (၃၅၀၀)ထက် မပိုသော ယာဉ်တစ်စီးအား ဝယ်ယူခွင့်ပါမစ် ထုတ်ပေးမည်ဖြစ်သည်။

(၄) အဆိုပါဝယ်ယူခွင့်ပါမစ်ဖြင့် ၁၉၉၅ ခုနှစ်နှင့်အထက် ခုနှစ်ပုံစံ (Model)ရှိ ယာဉ်များကို နိုင်ငံခြားမှ မှာယူတင်သွင်းရန်ဖြစ်သည်။

(၅) အစားထိုးလဲလှယ်ရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသော မော်တော်ကားအဟောင်းများကို မော်တာ်ယာဉ်မှတ်ပုံတင်စာအုပ်နှင့်အတူ သတ်မှတ်ထားသော နေရာဌာနသို့ မောင်းနှင်ပို့ဆောင် အပ်နှံရမည်ဖြစ်သည်။ လက်ခံရရှိသော ကားဟောင်းများကို သံရည်ကြိုစက်သို့ ပို့ဆောင်ဖျက်ဆီး သွားမည်ဖြစ်သည်။

(၆) အခွန်အကောက်နှုန်းထားများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ထားသောနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

(၇) သက်တမ်းအနှစ် (၄၀) ကျော် ကားများကို ဦးစားပေးအဆင့်(၁) သတ်မှတ်၍ ပယ်ဖျက်မည်ဖြစ်သည်။ အကယ်၍ ယာဉ်ပိုင်ရှင်က ၎င်းပိုင်ယာဉ်အား ပြုပြင်ထားမှုကြောင့် မပယ်ဖျက်လိုပါက ဆက်လက် အသုံးပြုခြင်းကို ခွင့်ပြုမည်ဖြစ်သည်။ သို့သော် နှစ်လဲသက်တမ်းတိုးရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်စစ်ဆေးသည့်အခါ အန္တရာယ်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အစားထိုးလဲလှယ်ရမည်ဖြစ်သည်။

(၈) ယာဉ်များ အစားထိုးလဲလှယ်ဆောင်ရွက်ရာတွင် ပိုင်ဆိုင်မှုအငြင်းပွားနိုင်သော ယာဉ်များ၊ အမွေဆိုင်ယာဉ်များ၊ ခိုးယူယာဉ်များ၊ ပေါင်နှံ ငှားရမ်း ဆောင်ရွက်ထားသည့် ယာဉ်များနှင့် တရားမဝင်ယာဉ်များ မဖြစ်စေရေးအတွက် ယာဉ်မှတ်ပုံတင်စာအုပ်တွင် ယာဉ်လာရောက်အပ်နှံသူ၏ အမည်ပေါက်ဖြစ်ရန် လိုအပ်မည်။ အပ်နှံသည့်ယာဉ်သည် မှတ်တမ်းဝင်ယာဉ်အဖြစ် မှန်ကန်မှု ရှိ/မရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးစိစစ်သွားမည်ဖြစ်သည်။

ယာဉ်အို၊ ယာဉ်ဟောင်းများကို အစားထိုးလဲလှယ်ရေးဆောင်ရွက်သကဲ့သို့ နိုင်ငံခြားပို့ကုန်လုပ်ငန်း၊ ဟိုတယ်ခရီးသွားလာမှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်သူများ၊ နိုင်ငံခြားတွင် တရားဝင်သွားရောက် အလုပ်လုပ်နေသူများနှင့် သင်္ဘောသားများသည်လည်း နိုင်ငံတော်ဘဏ်များတွင် တရားဝင်နိုင်ငံခြားငွေ စုဆောင်းထားရှိပါက မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးသွားရန် အစီအစဉ်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ စသည့် နိုင်ငံခြားမှ ကားထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ဆက်သွယ်ပြီး မြန်မာနိုင်ငံတွင် ယာဉ်အရောင်းပြခန်း (Show Room) များဖွင့်လှစ်ရောင်းချနိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ထိုသို့ အရောင်းပြခန်း (Show Room) များ အချိန်မီမဖွင့်လှစ်နိုင်မီ ကာလအတွင်း အနှစ် (၄၀) ကျော် ယာဉ်အို၊ ယာဉ်ဟောင်းများလဲလှယ်နိုင်ရေးဆောင်ရွက်ရာ၌ ကားဝယ်ယူခွင့်ပါမစ်ဖြင့်သာ နိုင်ငံခြားမှ တင်သွင်းကြရမည် ဖြစ်သည်။

အနာဂတ်ကာလတွင် နိုင်ငံတော်ရှိ ပြည်သူ၊ ပြည်သားများအနေဖြင့် မော်တော်ယာဉ် အရောင်းပြခန်း (Show Room)များမှဖြစ်စေ၊ နိုင်ငံခြားမှမှာယူတင်သွင်း၍ဖြစ်စေ မိမိတတ်နိုင်သောငွေကြေးဖြင့် လွတ်လပ်စွာ ဝယ်ယူသုံးစွဲသွားနိုင်သည်အထိ ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်သည်။ **ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေးဆောင်ရွက်မှု ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှမြင့်သည် အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက် ၇ နာရီခွဲတွင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ရွာမကွက်သစ်ရပ်ကွက်ရှိ အောင်သုခလမ်းနှင့် အောင်မာဃလမ်းတို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

(အပေါ်ပုံ)

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပ၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ ဒေါပုံနှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ တစ်ပြိုင်တည်း ပြုလုပ်ကြသည်။

ထို့နောက် မြို့တော်ဝန်သည် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး(ယ)ရုံ၌ ယာဉ်ရပ်နားရန်နေရာနှင့် ဆိုင်ခန်းများ ဆောင်ရွက်ထားရှိမှု၊ လဟာပြင်ဈေး၌ အိမ်သုံးပိုလျှံပစ္စည်းများ ရောင်းချရန် Flea Market ဆောင်ရွက်ထားရှိမှု၊ စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့်အနီး ပြည်လမ်း၌ ကွန်ကရစ်လမ်းချောခင်းကျင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၅၀၀	၀. ၀၃၃၂၈
တရုတ် (ယွမ်)	၆. ၃၈၉၀၀	၀. ၁၅၆၅၂
အိန္ဒိယ (ရူပီး)	၄၆. ၄၈၀၀	၀. ၀၂၁၅၁
မလေးရှား (ရင်းဂစ်)	၃. ၀၀၅၀၀	၀. ၃၃၂၇၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၇၇၅	၀. ၈၁၄၅၀
ဂျပန် (ယန်း)	၇၇. ၆၁၀၀	၀. ၀၁၂၈၈
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၀၉	၀. ၀၀၀၉၃
ယူရို	၀. ၇၃၂၂၃	၁. ၃၆၅၇၀
ဗြိတိသျှ (ပေါင်)	၀. ၆၂၉၇၂	၁. ၅၈၈၀၀

အင်တာနက်။

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းမြင့်က " Presentation and Disclosure Checklist- MFRS for SMEs (Auditor's Perspective)" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၁၄ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၈း၀၀ ၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၂။ ဓာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁း၂၀ ၁။ **ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၁၂)**
၁၁း၄၀ ၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်မထင်ဆုံတွေ့ခြင်း**
၁၂း၃၀ ၃။ ကျန်းမာသုတ
၁၂း၃၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၁၂း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၁၅)**

ညပိုင်း

၄း၂၀ ၁။ လျှပ်တစ်ပြက်
၄း၃၀ ၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀ ၃။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ၅။ ဘဝကြေးမုံ -ပုံပြောကောင်းတဲ့ယောက္ခမ (ကောင်းဆက်ထူး၊ ကြည်နူးနိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်းအိုင်စီ]
၆း၅၀ ၆။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၂၃)**
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၉။ နိုင်ငံတကာသတင်း
၁၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၁၁။ ပဟေဠိနန်းတော်
၁၂။ ကျန်းမာသုတ
၁၃။ FIFA BEACH SOCCER WORLD CUP RAVENNA 2011(Third Place) - L29 Vs L30 (Live)
၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၈၁)**
၁၅။ FIFA BEACH SOCCER WORLD CUP RAVENNA 2011(Final) -W29 Vs W30 (Live)

ရွှေဘို အထက(၂) မြတ်ဆရာပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၀

ရွှေဘိုမြို့ အထက(၂)(ချမ်းသာကြီး အထက)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား(၃၂)ကြိမ်မြောက် ပူဇော်ပွဲအဖြစ် အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျောင်း ရွှေရတုခန်းမ၌ ပူဇော်ကန်တော့မည်ဖြစ်ရာ တပည့်ဟောင်းများအနေဖြင့် ကျောင်းအုပ်ဆရာကြီး အထက(၂) ရွှေဘို ဖုန်း-၀၇၅-၂၁၀၂၇၊ ဒေါ်ခင်သန်းနွဲ့ အထက်တန်းပြ(ငြိမ်း)၊ ဦးတင်ဝင်း (ကျောင်း) ဖုန်း-၀၇၅-၂၁၃၁၉နှင့် ဦးမြင့်အောင် (MRTV-4) ဖုန်း-၀၉-၅၁၉၆၇၄၄ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များ အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းခြင်းကို တိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်းပြီး လိုက်နာမှုများ တိုးတက်ဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ အသိအမြင်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သံသယဖြစ်ဖွယ် သတင်းပေးပို့ချက် ပုံစံအသစ်ကို မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်နိုင်ရန်အတွက်လည်း ယခု အလုပ်ရုံဆွေးနွေးပွဲတွင် လက်တွေ့ပြသသွားမည်ဖြစ်ကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အသိအမြင် မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များကို ဘဏ်များက လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ မရှင်းလင်းသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်သည့် အခန်းကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို တိုးမြှင့် ဆောင်ရွက်သွားခြင်းဖြင့် ကမ္ဘာ့အသိုက်အဝန်း နှင့်အတူ AML / CFT Global Action ကို အောင်မြင်စွာအကောင်အထည်ဖော်သွားနိုင်မည် ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး ဥပဒေအကြံပေး ဦးစစ်အေးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် သမိုင်းကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ခင်စောဦးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သံသယဖြစ်ဖွယ် သတင်းပေးပို့ချက် ပုံစံအသစ်နှင့်ပတ်သက်၍ မှန်ကန်စွာ ဖြည့်စွက်ပေးပို့နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သက်ဆိုင်ရာတာဝန်ခံအရာရှိက ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း အုတ်ဖိုမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၁)အစည်းအဝေးကျင်းပ

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၂/၂၀၁၁) အစည်းအဝေး၌ သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၀

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၁) အစည်းအဝေးကို ယနေ့ မွန်းလွဲ၂ နာရီတွင် မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းသိမ်မှော်ရုံကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင်သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဂုဏေသနက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၁)အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ယူပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၀)အစည်းအဝေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ဆက်လက်၍ ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး (၁၇)ကြိမ်မြောက် သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ယူမည့် ရဟန်းတော်များစာရင်းအား အတည်ပြုသည်။

ယင်းနောက် သာသနာ့တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အထူးအထွက်တိုးစပ်မျိုးစပါး တစ်ဧက တင်း ၁၆၀ ထွက်နိုင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး တိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

ရန်ကုန် စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် သာယာဝတီခရိုင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)ညှိရိပ်သာ၌ တောင်သူလယ်သမားများ အသုံးပြုနေသည့် လက်တွန်းထွန်စက်၊ ကောက်ရိတ်စက်နှင့် ခြွေလှေ့စက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက်အုတ်ဖိုမြို့နယ် ဂုန်ညင်းတန်း တောင်ကွင်း မင်းလှဆည်ရေသောက်ဧရိယာ၌ သီပွံနည်းကျ စိုက်ပျိုးနည်း စနစ်ဖြင့် တောင်သူ ဦးညွန့်ဆွေ၏ ပညာပေးစိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော စပါး ၁၀ ဧကကို ကြည့်ရှုစစ်ဆေးပြီး ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းပါး စေရေး အထူးဂရုပြုရန်၊ ခြွေလှေ့စက်များဖြင့် စနစ်တကျရိတ်သိမ်းရန်၊ နှစ်ကာ သုံးဧက လယ်ကွက်များအဖြစ် မြေပြုပြင် စိုက်ပျိုးကြရန်တို့ကို မှာကြားသည်။

ယခု အောင်မြင်ဖြစ်ထွန်းနေသော အထူးအထွက်တိုး စပ်မျိုးစပါးသည် တစ်ဧကလျှင် တင်း ၁၆၀ ခန့် ထွက်နိုင်ကြောင်းနှင့် ဆင်းသုခစပါးသည် တစ်ဧကလျှင် တင်း ၁၂၀ ခန့် ထွက်နိုင်ကြောင်း သိရသဖြင့် လယ်သမားများအနေဖြင့် မိရိုးဖလာစိုက်ပျိုးမှု အထွက်နှုန်းထက် နှစ်ဆခန့်တိုး၍ ထွက်ရှိမည်ဖြစ်ခြင်းကြောင့် အထူးဝမ်းသာနေကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်အုတ်ဖိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဇီးကုန်းမြို့နယ် ဝက်ကော်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသတွင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ရန်အနာဂတ်တွင်တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူနိုင်မည့် မျိုးဆက်သစ် လူငယ်များ ဖြစ်လာအောင် လေ့ကျင့်တည်ဆောက်ပေးရန် မှာကြားပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း နှစ်ကုန်ပိုင်းတွင် လုပ်ငန်းအားလုံး အပြီးသတ် ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေလှောင်တမံ၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် လုပ်ငန်းအားလုံး အပြီးသတ်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ရည်ရွယ်ချက်

အဆိုပါ စီမံကိန်းအား မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်လိုက်သော ရေများနှင့်ရေလှောင်တမံနှစ်ခုအကြား စီးဆင်းနေသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ်ထုတ်လုပ်ရန်၊ သိုလှောင်ရေများကို ထိန်းညှိထုတ်လုပ်ပေးရန်၊ လက်ရှိတည်ဆောက်ပြီးသော မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၀၀၀ အား မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်ရန်၊ သီးထပ်အဖြစ် နွေစပါးဧက ၇၄၀၀၀ ပိုမိုတိုးချဲ့ရေပေးဝေနိုင်ရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးတို့အတွက် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။

အကျိုးပြု

ကြီးအုံ-ကြီးဝ ရေလှောင်တမံမှာ ဇုန်တမံအမျိုးအစားဖြစ်ပြီး အလျား ပေ ၃၂၈၀၊ အမြင့် ၁၆၄ ပေ ရှိသည်။ ရေအားလျှပ်စစ်တပ်ဆင်အား ၇၄ မဂ္ဂါဝပ်၊ လျှပ်စစ်စွမ်းအား ကီလိုဝပ် နာရီသန်းပေါင်း ၃၇၉ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုမည့် စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်းသိရှိရသည်။ **(ညီညီထွန်း)**

စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၀

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၆၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အတက် ၆၀ စင်တီမီတာ(၂ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (၁ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၀

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီ အချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြီးမှုံကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၇)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးကျော်စိုးနှင့်အဖွဲ့သည် စက်တင်ဘာ ၁ရက်နေ့နေ့နာရီတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ ၁၂၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများပညာပေးဟောပြောပို့ချခဲ့ကြောင်းသိရသည်။ **(ဝဝဲ)** (ကြေးမုံ)

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု (၁၀)နှစ်ပြည့် မတိုင်မီကာလအတွင်း နယူးယောက်မြို့ ဘရော့ဒ်ဝေးလမ်းမပေါ်၌ လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအား စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု ၁၀ နှစ်ပြည့်ကာလနှင့် အချိန်ကိုက် အမေရိကန်ပြည်တွင်း၌ ကားဗုံးခွဲတိုက်ခိုက်ရန် အယ်လ်ခိုင်ဒါခြိမ်းခြောက်ဟုဆို

ဝါရှင်တန် စက်တင်ဘာ ၁၀

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု (၁၀)နှစ်ပြည့် အမှတ်တရအခမ်းအနားနှင့် အချိန်ကိုက် ဝါရှင်တန် သို့မဟုတ် နယူးယောက်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ရန် အယ်လ်ခိုင်ဒါအဖွဲ့က ခြိမ်းခြောက်ထားကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန်အတွက် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်သည် အမေရိကန်နိုင်ငံဖွား အကြမ်းဖက်သမားများနှင့် အမေရိကန်နိုင်ငံအတွင်း ခရီးသွားလာခွင့် စာရွက်စာတမ်းများကိုင်ဆောင်ထားနိုင်သူတို့အား စေလွှတ်ထားဖွယ်ရှိသည်ဟု ဆိုသည်။

စေလွှတ်ထား

နယူးယောက် သို့မဟုတ် ဝါရှင်တန်တစ်မြို့မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ရေးအတွက် အမေရိကန်နိုင်ငံသား ဖြစ်နိုင်ဖွယ်ရှိသူနှစ်ဦး ပါဝင်သော အင်အားသုံးဦးပါ အကြမ်းဖက်အဖွဲ့ကို အယ်လ်ခိုင်ဒါများက စေလွှတ်ထားကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ညွှန်ကြား

အမေရိကန်မြေပေါ်၌ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ထပ်မံလုပ်ဆောင်၍ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု (၁၀) နှစ်ပြည့် အခမ်းအနားပြုလုပ်ရန် အကြမ်းဖက်သမား သုံးဦးတို့ကို အယ်လ်ခိုင်ဒါခေါင်းဆောင်သစ် အေမင်အယ်လ်ဇာဝါရီက ညွှန်ကြားထားကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ) သတင်းပေးတစ်ဦးက ပြောကြားခဲ့သည်။

အယ်လ်ခိုင်ဒါအဖွဲ့၏ ခြိမ်းခြောက်မှု အမှန်တကယ် လက်တွေ့ဖြစ်ပေါ်လာနိုင်မှု ရှိ၊ မရှိကို အမေရိကန် ပြည်ထောင်စု အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတာဝန်ရှိသူများက အခါမလပ် စစ်ဆေးသုံးသပ်နေကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကြိုတင်ကာကွယ်

အယ်လ်ခိုင်ဒါ၏ ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ လိုအပ်သော ကြိုတင်ကာကွယ်မှုမှန်သမျှအား ရယူထားရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အမျိုးသား လုံခြုံရေးကောင်စီကို စက်တင်ဘာ ၉ ရက်က ညွှန်ကြားခဲ့သည်။ ***အင်တာနက်။***

ပါကစ္စတန်ရေဘေးဆိုးရွား၊ သေဆုံးသူ ၁၆၉ ဦးခန့်ရှိလာ နိုင်ငံတကာမှ ဝိုင်းဝန်းကူညီပေးရန် ပါကစ္စတန်သမ္မတ ပန်ကြား

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၀

ပါကစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ရေဘေးဒုက္ခ ဆိုးရွားစွာခံစားနေရပြီး ရေကြီးမှုနှင့် ဆက်နွယ်သော အကြောင်းတရားများကြောင့် သေဆုံးသူအရေအတွက်မှာ ၁၆၉ ဦးအထိ ရှိလာခဲ့ရာ ပါကစ္စတန်နိုင်ငံ သမ္မတ အဆစ်ဖ်အလီဇာဒါရီက ရေဘေးသင့်ဒေသများအတွက် နိုင်ငံတကာမှ ဝိုင်းဝန်းကူညီပေးရန် စက်တင်ဘာ ၉ ရက်တွင် ပန်ကြားခဲ့သည်ဟု ပါကစ္စတန် သတင်းဌာန အေပီပီက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ထုတ်ပြန်ချက်အရ ရေဘေးသင့် ဒေသများ၌ သေဆုံးခဲ့ရသူ အနည်းဆုံး ၁၆၉ ဦးရှိပြီး ရေနစ်ခြင်း၊ အဆောက်အအုံများ ပြိုကျခြင်းနှင့် မြေပြိုမှုများကြောင့် သေဆုံးခဲ့ကြရခြင်းဖြစ်သည်ဟု ဆိုသည်။

မုတ်သုံမိုး ဒလဟော ရွာသွန်းရာဒေသများ၌ ပြည်သူရာနှင့်ချီ သေဆုံးခဲ့ရပြီး လူဦးရေ ငါးသန်းကျော်မှာ ၎င်းတို့၏ အိမ်ရာများကို စွန့်ခွာထွက်ပြေးနေရသည်။ ၎င်းအပြင် စိုက်ပျိုးမြေဧရိယာ ဧက လေးသန်းကျော်မှာ ရေအောက်တွင် နစ်မြုပ်နေပြီး သီးနှံစိုက်ဧက ၂ ဒသမ ၅ သန်းခန့်နှင့် လူနေအိမ်ခြေ တစ်သန်းကျော်မှာ ပျက်စီးခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်ပျက်စီးမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာရှိပြီး မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း ခန့်မှန်းရသောကြောင့် အခြေအနေမှာ ပိုဆိုးလာနိုင်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ ရေဘေးဒုက္ခသည်များအား ပါကစ္စတန်တပ်ဖွဲ့ဝင်များက ကယ်ဆယ်နေသည်ကို တွေ့ရစဉ်။

တန်ဇန်းနီးယားတွင် ကူးတို့သင်္ဘောနစ်မြုပ် ခရီးသည် ၂၀၀ နီးပါးသေဆုံး

စတုန်းတောင်း(တန်ဇန်းနီးယား) စက်တင်ဘာ ၁၀

တန်ဇန်းနီးယားနိုင်ငံ၏ ကမ်းလွန်ပင်လယ် ရေနက်ပိုင်းတွင် ခရီးသည် ရာပေါင်းများစွာကို အဆမတန်တင်ဆောင်ထားသည့် သင်္ဘောတစ်စင်း စနေနေ့က နစ်မြုပ်ခဲ့ရာ လူ ၁၉၂ ဦး သေဆုံးခဲ့ပြီး ၆၀၆ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

နစ်မြုပ်

အမ်ဗွီစပိုက်အိုင်လင်းဒါး(စ်)အမည်ရှိ ကူးတို့သင်္ဘောသည် တန်ဇန်းနီးယားနိုင်ငံ ဒါအီစလန်ဆိပ်ကမ်းမှထွက်ခွာစဉ် ဝန်နှင့်အား မမျှတစွာ တင်ဆောင်ထားသည့်အတွက် အချို့သော ခရီးသည်တို့က လိုက်ပါရန်ငြင်းဆန်ခဲ့သည်ဟု အသက်မသေ လွတ်မြောက်လာသူတစ်ဦးကဆိုသည်။ ယင်းကူးတို့သင်္ဘောသည် တန်ဇန်းနီးယားကုန်းမကြီးနှင့် ပင်ဆာကျွန်းအကြား ပင်လယ် ရေနက်ပိုင်း ရေစီးကြောင်းအတွင်း စနေနေ့နံနက် ၁ နာရီခန့်က နစ်မြုပ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုးရွားဆုံး

အဆိုပါဖြစ်ရပ်သည် ၁၅ နှစ်တာ ကာလအတွင်း တန်ဇန်းနီးယားနိုင်ငံအတွက် အဆိုးရွားဆုံး ရေကြောင်းမတော်တဆမှု ဖြစ်ကြောင်း သိရသည်။ အမ်ဗွီစပိုက်အိုင်လင်းဒါးစ် ကူးတို့သင်္ဘောသည် ခရီးသည် အရေအတွက်အများဆုံး ၆၀၀ သာ တင်ဆောင်ရန် ခွင့်ပြုချက်ရထားသည်။

မနိုင်သောဝန်ကိုတင်ထားသည့် အဆိုပါသင်္ဘောအား ဆိပ်ကမ်းမှထွက်ခွာခွင့်ပြုခဲ့ခြင်းကို လူအများကဒေါသထွက်လျက်ရှိပြီး တာဝန်ရှိသော အစိုးရအရာရှိများကို ရာထူးမှနုတ်ထွက်ပေးကြရန် တောင်းဆိုလျက်ရှိသည်။

အေပီ။

နေပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ယခုရက်သတ္တပတ်ကုန်၌ မြောက်ယဉ်စွန်းတန်းဒေသတွင် ဥတ္တရအလင်း ပေါ်ထွက်နိုင်

နယူးယောက် စက်တင်ဘာ ၁၀

နေမုန်တိုင်းဖြစ်စဉ်များကြောင့် နေမှ ထွက်ပေါ်လာသည့် ပထမဆုံး အမှုန်လှိုင်းသည် ကမ္ဘာ့လေထုလွှာနှင့် စက်တင်ဘာ ၉ ရက်တွင် စတင်ရိုက်ခတ်ခဲ့ရာ မြောက်ယဉ်စွန်းတန်းဒေသ လတ္တီတွဒ်အမြင့်ပိုင်းနေ အာကာသဟင်းလင်းပြင် လေ့လာစောင့်ကြည့်သူများသည် ယခုရက်သတ္တပတ်ကုန်ရက်များ၌ ဆန်းပြားလှပသော ဥတ္တရအလင်းတန်းများအား မြင်တွေ့နိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခုရက်သတ္တပတ်အတွင်းဖြစ်ပွားခဲ့သော နေပေါက်ကွဲမှု ဖြစ်စဉ်များကြောင့် နေမှ လွင့်စဉ်ထွက်ပေါ်လာသည့် လျှပ်စစ်ဓာတ်ဆောင်အမှုန်များသည် သံလိုက်စက်ကွင်းများတည်ရှိရာ ကမ္ဘာ့ဝင်ရိုးစွန်းဒေသများ၌ စုစည်းရိုက်ခတ်ကာ ကမ္ဘာ့အထက်လေထုလွှာနှင့် တုံ့ပြန်ဓာတ်ပြုကြသည်။

ယင်းဖြစ်စဉ်ကို ဘူမိသံလိုက်စက်ကွင်းမုန်တိုင်းဖြစ်ပေါ်မှုဟူ၍ သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

ကမ္ဘာ့အထက်လေထုလွှာနှင့် တုံ့ပြန်ဓာတ်ပြုမှုဖြစ်စဉ်အတွင်း နေမှ ထွက်ပေါ်လာသော လျှပ်စစ်ဓာတ်ဆောင် အမှုန်များသည် အလင်းအား ပိုမိုတောက်ပလာပြီး ဥတ္တရအလင်း (Aurora Borealis) ဟူ၍ ထင်ရှားသည့်မြင်ကွင်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

စက်တင်ဘာ ၅ ရက်မှ ၇ ရက်အကြား ကာလအတွင်း နေမျက်နှာပြင်ပေါ်၌ အဓိကပေါက်ကွဲမှုကြီး သုံးရပ်ဖြစ်ပွားခဲ့သည်။

သို့ရာတွင် နေပေါက်ကွဲမှုဖြစ်စဉ်များသည် ဂြိုဟ်တုများ၊ လျှပ်စစ်ဓာတ်အားကွန်ရက်များနှင့် အခြား အရေးကြီးအခြေခံ အဆောက်အအုံများအပေါ် ဆိုးကျိုးသက်ရောက်နိုင်မည်မဟုတ်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။ *အင်တာနက်။*



ခန့်မှန်းခဲ့သည်ထက် စီးပွားရေး ပိုမိုတိုးတက်လာသော တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ကုန်တိုက်တစ်ခုကို တွေ့ရစဉ်။

တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေး ခန့်မှန်းခဲ့သည်ထက် ပိုမိုတိုးတက်

ဆိုးလ် စက်တင်ဘာ ၁၀

တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးသည် ယခုနှစ်ဒုတိယ သုံးလပတ်ကာလ၌ ကနဦးခန့်မှန်းခဲ့သည်ထက် ပိုမိုတိုးတက်ခဲ့ကြောင်း၊ ယင်းမှာ ပြည်သူ့ဆောက်လုပ်ရေးစီမံကိန်းများအတွက် ငွေကြေးပိုမိုသုံးစွဲခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ် ပထမသုံးလပတ်ကာလနှင့်နှိုင်းယှဉ်လျှင် ဒုတိယ သုံးလပတ်ကာလ၌ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ) သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကိုရီးယားဗဟိုဘဏ်၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ငွေကြေးဖောင်းပွမှု မြင့်တက်နေပြီး ကမ္ဘာ့စီးပွားရေး နှေးကွေးသွားချိန်တွင် ဘဏ္ဍာရေးဆိုင်ရာပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဗဟိုဘဏ်က အကောင်အထည်ဖော်မည် ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ဩဂုတ်လတွင် ၂၇ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့များကို ဆက်လက်တိုက်ပွဲဝင်မည်ဟု တာလီဘန်ပြောကြား

ကဘူး စက်တင်ဘာ ၁၀

အာဖဂန်နစ္စတန်မြေပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်အားလုံး ထွက်ခွာသွားသည့်တိုင် မိမိတို့ ဆက်လက်တိုက်ပွဲ ဝင်သွားမည် ဖြစ်ကြောင်း ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ၁၀ နှစ်ပြည့် အထိမ်းအမှတ် နေ့မတိုင်မီ တစ်ရက်အလို စနေနေ့တွင် တာလီဘန်အဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန် ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် ၎င်းတို့ ပါဝင်ပတ်သက်မှု မရှိခဲ့ကြောင်း တာလီဘန်အဖွဲ့၏ ကြေညာချက်၌ အလေးအနက် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် အာဖဂန်နစ္စတန်အား ကျူးကျော်ရန်အတွက် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုများကို လက်နက်ကိရိယာသဖွယ် အသုံးချခဲ့ကြောင်း တာလီဘန်များက စွပ်စွဲထားသည်။

အမေရိကန် ကိုလိုနီဝါဒကြောင့် အပြစ်မဲ့အာဖဂန်ပြည်သူ ထောင်ပေါင်းများစွာတို့ သေကျေပျက်စီးခဲ့ရကြောင်း တာလီဘန်အဖွဲ့က သတင်းဌာနများသို့ အီလက်ထရွန်နစ်ချောစာဖြင့် ပေးပို့ခဲ့သော ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုများ၏ အဓိကလက်သည် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်အား လွှဲပြောင်းပေးအပ်ရန် ထိုစဉ်ကာလ အာဖဂန်နစ္စတန်ကို အုပ်ချုပ်သော တာလီဘန်အစိုးရက ငြင်းပယ်ခဲ့ရာ အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက ၂၀၀၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အာဖဂန်နစ္စတန်အား ကျူးကျော်တိုက်ခိုက်ခဲ့သည်။

အာဖဂန်နစ္စတန်၌ တပ်စွဲထားသော တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကို ၂၀၁၄ ခုနှစ် နောက်ဆုံးထား၍ ရုပ်သိမ်းနိုင်ရန် အမေရိကန် ပြည်ထောင်စုက လက်ရှိကာလတွင် စတင်လုပ်ဆောင်လျက် ရှိသည်။

အင်တာနက်။

ကန်ရာသီတော်သလင်း

ဝိသုဇ္ဇက(ပဲခူး)

တော်သလင်းလသည် မိုးဥတုဖြစ်သော်လည်း မိုးသားမိုးတိမ် ကြည်လင်သောကာလဖြစ်သည်။ မိုးကောင်းကင်ကြည်လင်သကဲ့သို့ မြစ်ရေတွင် လှိုင်းလေကင်းစင်၏။ **“တော်သလင်းကို မြစ်တွင်းသင်ဖြူးခြင်း”** စာဆိုနှင့်ကိုက်ညီပေသည်။ ရာသီအလို ကန်ရာသီခေါ်ဆို၏။ အဒြခေါ် ဖြူဖြူအဒြနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ သရဂုဏ္ဍိနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဗျိုင်းတာရာထွန်းပ၏။ ရာသီရုပ်မှာ ကညာပျိုရုပ်ဖြစ်သည်။

“ကန်ရာသီဟု၊ အာနီမြခိုင်၊ ရင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင်၊ တော်သလင်းကား” ဟူ၍ စာဆိုဦးအောင်ကြီး၏ ရာသီဖွဲ့လူးတားကဗျာအရ တော်သလင်းလတွင် ရင်းမာပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြု၏။ ရင်းမာထုံသင်း မိုးတိမ်ကင်းစင်သည့် ကောင်းကင်၌ နေမင်းက “တော်သလင်းနေ၊ ပုစွန်သေ” ဟူသော ဆိုစကားဖြစ်လောက်အောင် ပူပြင်းလျက် ရှိတတ်သည်။ သို့သော် ယခုကာလ မှတ်သုံမကုန် မိုးကောင်းဆဲဖြစ်၍ အပူသက်သာ၏။

တော်သလင်းလဟူသော ဝေါဟာရသည် “တောသလံ-နှစ်သက်ဝမ်းမြောက်ခြင်း” ဟူသော ပါဠိမှ ဆင်းသက်လာ၏။ ထိုလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၏။ ထို့ကြောင့် လယ်သမားတို့စိတ်ကို နှစ်သက်ရွှင်လန်းစေသောကြောင့် တော်သလင်းလဟု ခေါ်ဆိုမှတ်သားခဲ့ကြ၏။

ပုဂံခေတ်ကျောက်စာများတွင် (တ်သ္လလင်း တ်သ္လင်း၊ တ်သလင်) စသည်ဖြင့် ရေးထိုးခဲ့ကြ၏။ ဝေါဟာရလီနတ္တ ဆရာက မြန်မာဘာသာမှာ “ကညာဟူသော ကဘာသာတွင် ‘ည’ အက္ခရာကို ‘န’ အက္ခရာပြု၍ တံခွန်တင်ပြီးလျှင် ကန်ရာသီဟု ခေါ်ဆိုရေးသားလျက်ရှိပါသည်။ ကညာသဒ္ဒါသည် မိန်းမငယ်သမီးကညာဟူ၍ ယူဆခြင်းဖြစ်ပြီး ယောကျ်ားကို နှစ်သက်စေတတ်သူ”ဟု အဓိပ္ပာယ်ရ၏။ ပါဠိဘာသာတွင် ကညာပုဒ်ကဲ့သို့ နှစ်သက်စေခြင်း အဓိပ္ပာယ်ရှိသည့် “တောသ” ပုဒ်လည်းရှိ၏။ ထိုကညာနှင့်အဓိပ္ပာယ်တူ “တောသ” ပုဒ်ကိုအစွဲပြု၍ ဤလကို တော်သလင်းဟု နာမည်မှည့်ခဲ့ကြဟန်ရှိသည်။

တချို့က တော်သလင်းလဆိုသည်မှာ သတင်းအတွင်းကို ဆိုလိုသည်ယူ၏။ “သတင်း”ကို “သလင်း” ဟု အက္ခရာကို ပြောင်းလွဲ၍ သလင်းတောဖြစ်လာကြောင်း၊ ယင်းသတင်းအတွင်းမှ အဓိပ္ပာယ်ရသည့် သလင်းတောကို (အက္ခရာဝိပရိယာယ) အက္ခရာ ရှေ့နောက်ပြန်ပြောင်းခြင်း ဘာသာဗေဒနည်းဖြင့် သလင်းဖြစ်လာသည်ဟု တွေးဆကြ၏။ မြန်မာဆန်ဆန်တွေးသူက တောသလင်းတွင် “တော်” မှာ အမြင့်ကောင်းကင်ဖြစ်ပြီး “သလင်း” မှာ သာလင်းသာယာထွန်းလင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူကာ တော်သလင်းဟူသည် ကောင်းကင်တစ်ခွင် သာယာကြည်လင်သောလဖြစ်သည်ဟု ဆိုကြပြန်၏။

ကန်ဆင်းမိုးသည် မြန်မာနှစ်ဆန်းတစ်ရက်မှ ရေတွက်လျှင် ရက်ပေါင်း ၁၄၆ ရက်ဖြစ်သောနေ့ကို ဗဟိုထား၍ ရှေ့ခုနစ်ရက်၊ နောက်ခုနစ်ရက်တွင် ရွာတတ်သောမိုးကို ဆိုလိုသည်။ “အိုးရေသောက်ကြယ်လွဲရောက်” (အိုး=၁၊ ရေ=၄၊ သောက်=၆) လင်္ကာတို့ဖြင့် မှတ်သားကြကုန်၏။ ထိုနေ့အရုဏ်တက်ချိန်တွင် မိုးကောင်းကင်၌ ဖျောက်ဆိပ်ကြယ်မွန်းလွဲသည်။ ကန်ဆင်းမိုးနှင့် ပတ်သက်၍ တနင်္ဂနွေခေါ် သူရိယနေမင်းသည် သိဟ်ရာသီမှ ကန်ရာသီသို့ ဆင်းသက်သည့်အခါတွင် ရွာသောမိုးကို ကန်ဆင်းမိုး (သို့မဟုတ်) ကြယ်လွဲမိုးဟု မှတ်ယူကြသည်။ ဤသို့ မိုးရွာလေလျှင် နှမ်းကြီးကြဲကြသည်။ နှမ်းကြဲမိုးဟုလည်း ခေါ်ကြပြန်၏။

ထို့ပြင် မဃဒေဝလင်္ကာသစ်ကြီး၌လည်း “မှတ်လော့ထင်ရှား၊ အတိတ်ကြား၏၊ ရာငါးဆယ့်လေး၊ မကြားသချ်ာ၊ ပဒုမ္မာကြာနှင့်၊ ရင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲ ကာလ၊ ဟူကုန်ကြ၏” ဟု မှတ်တမ်းတင်ထားသည်။ “ဖျောက်ဆိပ်မွန်းလွဲ၊ နှမ်းကြီးကြဲလျက်၊ အမြဲတူကွ၊ နိယာမဖြင့်၊ တွင်းဝညိုးညံ၊ ပရစ်သံတို့၊ မောင်နှံဖိုမ၊ မြည်စကြ၏” ဆို၍လည်း ပရစ်ဖိုမတို့ ဘာသာဘာဝမြည်ကြွေးကြသည့် လဖြစ်၏။

တော်သလင်းလနှင့်ပတ်သက်၍ တော်သလင်း၊ သီတင်းကျွတ် နှစ်လသည် သာရဒဥတုမည်၏။ လောကသည် ပူ၏။ ကောင်းကင်၌ အညစ်အကြေးကင်း၏။ ဖြူစင်၏။ အင်းအိုင်မြစ်ကမ်းတို့သည် ပေါ်ကုန်၏။ ခွေးတို့သည် မြူးထူးကုန်၏။ မြေအနိမ့်အမြင့် အညီအညွတ်တို့သည် ထင်ရှားကုန်၏။ ရွှံ့ညွန်ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏။ ပဒုမ္မာကြာ၊ ခေါင်ရန်း၊ ပိတောက်၊ ရင်းမာစသော ပန်းတို့သည်ပွင့်ကုန်၏။ အသီးအပွင့်အရွက်အမြစ် ဆေးတို့သည် ဩဇာရှိကုန်၏ဟု ယောမင်းကြီးက ဥတုဘောဇနကျမ်းတွင် ပြဆိုထားသည်။

ဤကား တော်သလင်းလရာသီအား သုတပွားစေရန် ဖွင့်ဆိုချက် အကျဉ်းချုပ်ပင်ဖြစ်သည်။ ဤလ၌ အရေးကြီးသော အမြုတေမှာ ဂရုဓမ္မအခါတော်အထိမ်းအမှတ်ဖြစ်၏။ ဂရုဓမ္မဇာတ်တော်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ဆက်စပ်၍ ကျင်းပရခြင်း ဖြစ်ပေသည်။

“ဂရုဓမ္မသီလသည် သူတော်ကောင်းတို့က ဂရုထား၍ စောင့်ထိန်းကျင့်သုံးအပ်သော သီလဖြစ်သည်။ ကမ္ဘာဦးအခါက စတင်ပေါ်ပေါက်သော တရားဖြစ်၍ ပဝေဏီဓမ္မဟုခေါ်၏”

သူတော်ကောင်းတို့ ဂရုထား၍ စောင့်ထိန်းကျင့်သုံးအပ်သော သီလငါးပါးသည် **“သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ”**ဟု ဆိုအပ်သော သတ္တဝါတို့၏ အသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းအား ခိုးယူခြင်း၊ သူတစ်ပါးအိမ်ရာ ပြစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ မူးယစ်စေသော သေရည်သေရက်သောက်သုံးခြင်း စသော အပြစ်တို့အား ရှောင်ကြဉ်ခြင်းဖြစ်၏။

သီလငါးမျိုးကို မြဲမြံစွာစောင့်ထိန်းလျှင်-

မတုပနိုင်သော ဗိုလ်ပါအင်အားလည်းဖြစ်၏။ မြတ်သောလက်နက်လည်းဖြစ်၏။ မြတ်သော အဆင်တန်ဆာလည်းဖြစ်၏။ မကွဲမပျက် မပေါက်မပြတ်သော စစ်ဝတ်တန်ဆာလည်းဖြစ်၏။

သီလငါးမျိုးအား မစောင့်ထိန်းဘဲနေသည်ရှိသော် -

အသက်ရှင်လျက် သေသူမည်၏။ အမှိုက်သဖွယ် စွန့်ပစ်အပ်သူမည်၏။ အပုပ်နံ့ထွက်သော အကောင်ပုပ်နှင့် တူ၏။ ခြေပြတ်လက်ပြတ်ဦးခေါင်းပြတ်သောသူနှင့် တူမည်ဖြစ်၏။

တိကနိပါတ် ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးရှင်ဘုရင်မှ အနိမ့်ဆုံး ပြည့်တန်ဆာမအထိ သီလငါးပါးကို စောင့်ထိန်းကြသောကြောင့် မိုးလေဝသမှန်ကန်၏။ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြရ၏။ ဣတိဝုတ်အဋ္ဌကထာနှင့် ခုဒ္ဒကပါဌ် အဋ္ဌကထာတို့တွင် သီလငါးပါးနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာတွင် အကျယ်တဝင့်ပြထား၏။ မဟာသုဒဿနမင်းကြီးသည် လေးကျွန်း စကြဝဠာလှည့်လည်၍ ထိုသို့သော သီလတရားကို ဓမ္မသတ်သဖွယ် ဟောဆိုညွှန်ပြဆုံးမလေ့ရှိ၏။ ဒသကနိပါတ် ဓမ္မပါလဇာတ်တွင် သီလငါးပါးမြဲ၍ ဓမ္မပါလတစ်မျိုးလုံး အသက်အရွယ်ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိဘဲ သက်တမ်းစေ့နေကြရ၏။

ဂရုဓမ္မသီလတော်မြတ်များသည် အိုသည့်တိုင်အောင် တင့်တယ်လျောက်ပတ် သက်တမ်းစေ့အောင် နေကြရမည့် အဆုံးအမ သီလတော်များ ဖြစ်ပေသည်။

သီလငါးပါးစောင့်ထိန်းခြင်း၏ အနှစ်သာရသည်

ကုသိုလ်တရား၏ အစလည်းဖြစ်သည်။

ဈာန်မဂ်ဖိုလ်တရားတို့၏ ထောက်ရာတည်ရာလည်း ဖြစ်သည်။

သမထ၊ ဝိပဿနာအစရှိသော မြတ်သောတရားတို့၏ အမိလည်း ဖြစ်သည်။

ပါမောက္ခအစရှိသော အပြစ်မဲ့တရားအလုံးစုံတို့၏ တံခါးလည်းဖြစ်သည်။

ထို့ကြောင့် သီလရတနာ၊ မြတ်တန်ဆာလျှင် သတ္တဝါခပင်း မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်သည်မှာ ဖော်ပြပါသီလငါးပါး စောင့်ထိန်းခြင်းသာလျှင်ဖြစ်သည်။ ဤလကန်ရာသီ တော်သလင်းတွင် ထူးမြတ်သော အမြုတေဖြစ်သည့် ဂရုဓမ္မသီလမြတ်ကို စောင့်ထိန်းကြရန် ဖော်ညွှန်း၍ နိဂုံးချုပ်ပါ၏။ ။

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်ရေးအတွက် တိုးတက်ပြောင်းလဲမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell ဦးဆောင်သည့်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ကန်ကြီးထောင့်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုသိမ်မြို့ ရောဂါရှေ့ဝါခန်းမ၌မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခြင်းတို့ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကန်ကြီးထောင့်မြို့နယ် တံတားကြီးကျေးရွာ အစိုးရမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ကန်ကြီးထောင့်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်၊ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားကြီးကျေးရွာ အမှတ်(၁၂၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပညာရေးငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ကန်ကြီးထောင့်မြို့ မာန်ကြီးကြီးဆန်စက်လုပ်ငန်းရှင် ဦးတင့်လွင် မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးကျော်လွင်ပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီး(ငြိမ်း)က ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ၊ ကန်ကြီးထောင့်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောမူက ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ကျောင်းသုံးစာသင်ခုံများနှင့် ဧရာကြံခင်းဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုအေးက အလှူငွေကျပ် ခုနစ်သိန်း ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်ရှေ့၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအမှတ်တရ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် မိကျောင်းတစ်ရာကျေးရွာရှိ စပါးစမ်းသပ်စိုက်ခင်းသို့ ရောက်ရှိပြီး သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးသည့် ဆင်းသုခစပါး စိုက်ခင်းအတွင်း ယူရီးယား ဓာတ်မြေဩဇာနှင့် သဘာဝကွန်ပေါင်း မြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီး အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ အင်္ဂလိပ်စကားပြောစွမ်းရည်များကို လေ့လာစစ်ဆေးကာ မြို့မိ မြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တကုန်းကြီးကျေးရွာရှိ ဧရာမောင်စက်မှုလက်မှု အဆင့်မြင့်ဆန်စက် တည်ဆောက်ပြုပြင်ရေးနှင့် လယ်ယာသုံးပစ္စည်း ထုတ်လုပ်ပြုပြင်ရေး လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုသိမ်မြို့ ရောဂါရှေ့ဝါခန်းမ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ခြင်းနှင့် မျက်မှန်လှူဒါန်းခြင်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မျက်စိဝေဒနာခွဲစိတ်ကုသမှု ခံယူထားသော လူနာများအား နေကာမျက်မှန်များကို တပ်ဆင်ပေးခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် (၁၉၉၁ ခုနှစ်)အထိ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၌ ပညာသင်ကြားခဲ့သည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသည့် ၁၉၈၂ - ၈၈ ဘွဲ့ရများသည် ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀၁၈၇၄၀၊ ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁၁၃၈၃၃၊ ဒေါ်မင်းမင်းကျော် ဖုန်း-၀၉-၅၀၀၆၇၆၉၊ ဒေါ်စိုးညဏ် ဖုန်း-၀၉-၇၃၀၉၇၇၅၁၊ ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀၀၇၅၅၇၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀၁၃၃၃၈၊ ဦးဘတင့်ဆွေ ဖုန်း-၀၁-၆၁၂၅၂၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၇၃၁၅၂၁၈၈၊ ဒေါ်မေထွန်းထွန်းအေး ဖုန်း-၀၉-၅၅၀၅၆၈၉၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၀၈၆၄၈၈၊ ကိုခင်မောင်စိုး ဖုန်း-၀၉-၅၁၇၇၈၄၄၊ ဒေါ်သဇင်စိုး ဖုန်း-၀၉-၅၀၀၉၀၁၄၊ ကိုထိန်လင်းဦး ဖုန်း-၀၉-၈၀၂၃၉၃၅နှင့် ဒေါ်ခင်ဆွေဦး ဖုန်း-၀၉-၇၃၀၁၆၂၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

ဒီပလိုမာ စာရင်းကိုင်ပထမပိုင်း သင်တန်း ဖွင့်လှစ်မည်

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ စာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာန ဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ၁၀ လကြာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရုံးအမှတ်(၁၂) နေပြည်တော်၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဘွဲ့ရအစိုးရဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံကို ၂၀၁၁ခုနှစ် အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရုံးချိန်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း ရုံးအမှတ်(၁၂)သို့ လူကိုယ်တိုင် လာရောက်ဝယ်ယူနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၂၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ဇာတ်သဘင်ပြိုင်ပွဲကို ပဉ္စမအကြိမ် (၁၉၉၇) မှ စတင်ယှဉ်ပြိုင်စေခဲ့ပြီး ပထမဦးဆုံး ယှဉ်ပြိုင်ကြသော ဇာတ်တော်မှာ ဆယ်ဘွဲ့ဇာတ်တော်လာ သုဝဏ္ဏသာမဖြစ်လေသည်။ ထို့နောက်မှ ရာမဇာတ် (၁၉၉၈၊ ၁၉၉၉၊ ၂၀၀၂၊ ၂၀၀၄)၊ မဟော်သဓာ (၂၀၀၀)၊ ဇနက(၂၀၀၁)၊ ဆဒ္ဒန်ဆင်မင်းဇာတ် (၂၀၀၃)၊ ဝိဓူရ (၂၀၀၅)၊ ဝေဿန္တရာဇာတ်(၂၀၀၆)၊ သုဝဏ္ဏသာမ(၂၀၀၇)၊ ဘူရိဒတ်(၂၀၀၈)၊ ဥဂ္ဂသေန(၂၀၀၉) တို့ကို ယှဉ်ပြိုင်စေခဲ့ကြလေသည်။ ယခုနှစ် (၁၈)ကြိမ်မြောက် ပြိုင်ပွဲ၌ ယှဉ်ပြိုင်ကြမည့်ဇာတ်တော်မှာ "မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း"ပင် ဖြစ်လေသည်။

ဗုဒ္ဓဝင်ကို မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ လျှောက်ထားပင့်ဖိတ်မှုအရ ကပိလဝတ်ပြည်သို့ ရောက်ရှိစဉ် စတင်ဟောကြားခြင်းဖြစ်လေသည်။ သာကီဝင်မင်းတို့၏ မာန်မာနကို ချိုးဖျက်လို၍ တန်ခိုးပြာဋိဟာပြကာ ရှိသေဝပ်တွားမှုကို ရယူခဲ့သည်။ ထိုသို့မြတ်စွာဘုရား ရတနာစင်္ကြံတော်၌ ယမိုက်ပြာဋိဟာပြတော်မူစဉ် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေသော အရှင်သာရိပုတ္တရာက အဘိညာဉ်ဖြင့် ကြည်ညိုဖူးမြော်လျက် "ဘုရားရှင်ထံတော်မြတ်သို့ ယခုပင် ငါဆည်းကပ်၍ အရပ်ရပ်အစုံအလင် အလောင်းတော်တို့၏ လုပ်ငန်းစဉ် ဗုဒ္ဓဝင်ဒေသနာတရား ဟောကြားတော်မူရန် ငါတောင်းပန်လျှောက်ထားတော့မည်" ဟု ကြံစည်ပြီးလျှင် သီတင်းသုံးဖော် တပည့်ရဟန်းငါးရာတို့နှင့်အတူ မြတ်စွာဘုရားထံမှောက် ကပ်ရောက်၍ လက်စုံမိုးကာ

"ကီဒိသော တေ မဟာဝိရ၊ အဘိနီဟာရော နရုတ္တမ"

----အစရှိသော သုံးဂါထာတို့ဖြင့် မြတ်စွာဘုရားအား ဗုဒ္ဓဝင်ဟောကြားရန် လျှောက်ထားတောင်းပန်လေသည်။

ထိုကဲ့သို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က တောင်းပန်လျှောက်ထား၍ မြတ်စွာဘုရားသည် သတ္တဝါတို့၏ ရင်ကို အေးငြိမ်းစေလို၍

"ပီတိပါမောဇ္ဇဇနနံ၊ သောကသလ္လဝိနောဒနံ"

----အစရှိသော နှစ်ဂါထာဖြင့် တရားနာ လူ၊ နတ်၊ ဗြဟ္မာပရိသတ်တို့အား ဗုဒ္ဓဝင်ဒေသနာတော်ကို ရိုသေစွာနာယူကြကုန်လော့ဟူ၍ တိုက်တွန်း၍။

"ကပ္ပေစ သတသဟဿေ၊ စတုရောစ အသင်္ခိယေ"

----အစရှိသော ဂါထာပေါင်း ၉၅၁ (ကိုးရာငါးဆယ့်တစ်) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော၊ မာန်မူခြင်း အမျိုးမျိုးကိုလည်း ပယ်ချိုးတတ်သော၊ စိတ်ပူပန်ခြင်း သောကအမျိုးမျိုးကိုလည်း ပယ်ဖျောက်တတ်သော၊ သံသရာဝဋ်မှလည်း ကျွတ်လွတ်စေတတ်သော၊ ဒုက္ခမျိုးစုံအဖုံဖုံမှလည်း အလုံးစုံကင်းလွတ်ခြင်းကို ပြုတတ်သော ဘုရားဖြစ်ကြောင်း၊ လမ်းကောင်းကျင့်ရာ၊ ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူလေသည်။

ထို့နောက် "ပေါက္ခရဝဿ" မိုးကြီးရွာစေကာ "ဝေဿန္တရာ" ဇာတ်ကိုပြန်ပြောင်းဟောလေသည်။ နောက်နေ့ နံနက်တွင် ဘုရားရှင်သည် ကပိလဝတ်မြို့တော်အတွင်း ဆွမ်းခံဝင်လေသည်။ သာကီဝင်တို့က အမျိုးဇာတ်ကို ဖျက်ဆီးသည်ဟုဆိုကာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို လျှောက်တင်ကြသည်။ ခမည်းတော်ကြီးက ဘုရားရှင်ကို "သာကီဝင်"တို့၏ အမျိုးဇာတ်ကို မဖျက်ဆီးရန် ပန်ကြားလျှောက်ထားလေသည်။ ဘုရားရှင်က

"ခမည်းတော်မင်းကြီး ဤဆွမ်းခံသောအရာသည် ငါတို့အနွယ်အဆက်မှ လာသဖြင့် သင့်တင့်လျောက်ပတ် ချီးမွမ်းအပ်သောအကျင့်ပေတည်း"ဟု မိန့်တော်မူလေသည်။ ခမည်းတော်မင်းကြီးက ပြန်၍ လျှောက်ထားသည်မှာ

"အရှင်ဘုရား--- မဟာသမ္မတမင်းမှစ၍ ဘုရားဘိုးတော် သီဟဟနုမင်းတိုင် သုံးသိန်းသုံးသောင်းလေးထောင်ငါးရာခြောက်ကျိပ်ကိုးယောက်သောအနွယ်သည် အကျွန်ုပ်တို့၏ အနွယ်မဟုတ်လော၊ ထိုမင်းအနွယ်အပေါင်းတို့တွင် တစ်ယောက်ကောင်းမျှ ဆွမ်းတောင်းစားသည်ကို အကျွန်ုပ်တို့မကြားဖူးပါ" ဟု လျှောက်လေသည်။ ဘုရားရှင်က

"ခမည်းတော်မင်းကြီး ဤမဟာသမ္မတမင်းမှလာသော ရာဇပဝေဏီသည်ကား မင်းတရားတို့၏ အနွယ်သာတည်း၊ ဒကာတော်သား---ငါဘုရားမူ ရှေးများလွန်လေ အသင်္ချေများစွာ ကမ္ဘာကာလ ဂဏ်ဝါဠူ သဲစုထပ်မျှ ပွင့်ကြကုန်သော သမ္ဗုဒ္ဓရာဇာ စောမြတ်စွာတို့၏ မဟာဝံသဖြစ်ပေသည်၊ ထိုဘုရားတို့လည်း ဖိတ်ကြားအပ်သော ဒါယကာ မရှိမူ ဆွမ်းခံ၍သာ စားမြဲဓမ္မတာဖြစ်ပေတည်း" ဟု မိန့်တော်မူပြီးလျှင်

"ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊ ဓမ္မစာရီ သုခံသေတိ၊ အသ္မိံလောကေ ပရမှိစ" ဟူသော ဂါထာကို ဟောတော်မူလေသည်၊ ထိုဂါထာ၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးလည်း သောတာပန်တည်လေသည်။

ထို့ကြောင့် "ဗုဒ္ဓဝင်" ဟူသည် ဗုဒ္ဓအနွယ်တို့၏ အကြောင်းကိုဟောတော်မူသော တရားများဖြစ်လေသည်။

ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သူ မယ်တော်မာယာသည် ကြီးစွာသော အိပ်မက်ကိုမြင်မက်သည်။ အိပ်မက်ကား "စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် မိဖုရားကို အိပ်ရာသလွန်နှင့် တကွချီ၍ ဟိမဝန္တာသို့ ဆောင်ပြီးလျှင် ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏အပြင် အင်ကြင်းပင်ကြီး၏အောက်၌ ချထား၏။ ထိုအခါ နတ်မိဖုရားလေးဦးတို့သည် လာကုန်၍ သီတာနဝတတ်ရေတို့ကို ချိုးစေပြီးလျှင် နတ်တို့၏ ပန်းနံ့သာတန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွတ်ထက်ရှိသော ရွှေဗိမာန်သို့ ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ငွေသာခွာတောင်သို့သော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏ လက်ယာနံပါးကို လှစ်၍ဝင်သည်" ဟု မြင်မက်တော်မူ၏။

ထိုသို့ မိဖုရားခေါင်ကြီး၌ သန္ဓေယူသောအခါမှစ၍ စကြဝဠာမှ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် သန်လျက်လက်ဆွဲကုန်လျက် ရွှေနန်းကျက်သရေ တိုက်၌ စောင့်လာကုန်သည်၊ ထက်ဝန်းကျင်သော စကြဝဠာ တစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည် ကောင်းစွာစောင့်ရှောက်လာကုန်သည်။ ယင်းသို့ သန္ဓေတည်နေသည်မှစ၍ မယ်တော်မိဖုရားသည် ယောကျ်ားတို့၌ ညွတ်ငိုက်တပ်ငြိသော ရာဂရမ္မက်ဖြင့် နှောင့်ယှက်ခြင်းမရှိ၊ အမြိုက်အတိဖြင့် ဝလျက် နှစ်သက်အပ်သော မင်းစည်းစိမ်ကို ခံ၍ ခြွေရံသင်းပင်းနှင့်သာလျှင် သန့်ရှင်းစွာ စံတော်မူ၏။

အလောင်းတော်မင်းသားသည် ကြည်စွာသော ပတ္တမြားရတနာ၌သီသော သန္တာနီကြိုးကဲ့သို့ လည်းကောင်း၊ ဖန်တကောင်းအတွင်း၌ သွင်းထားသော ပုလဲရုပ်ကဲ့သို့ လည်းကောင်း၊ တရားဟောပလ္လင်ထက် ထိုင်နေသော တရားဟောပုဂ္ဂိုလ်ကဲ့သို့ လည်းကောင်း မယ်တော်ဝမ်းဝယ် ထက်ဝယ်ဖွဲ့ခွေ ရှေးရှုနေတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့ ထင်မြင်ကုန်သတည်း။

ယင်းသို့ သန္ဓေတည်နေတော်မူ၍ ဆယ်လစေ့သော် ဆွေတော်မျိုးတော်၊ မယ်တော်ခမည်းတော်တို့၏ နေရာဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသော ဆန္ဒဖြစ်၍ သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြားလေရာ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်အကြား ငါးယူဇနာရှိသော အရပ်ကို ခတ်အပ်သော တလင်းအသွင်သန့်စင်စွာ ညီညွတ်၍ ကြာသွတ်အိုး၊ ရေချမ်း၊ ကွန်းထောက်၊ မဏ္ဍပ်၊ ဇရပ်၊ ကနား၊ ကုက္ကားတံခွန် စသည်တို့ဖြင့် ခင်းကျင်းပြုပြင်တန်ဆာဆင်၍ စစ်အင်္ဂါလေးပါးဝန်းရံစေလျက် ရွှေထမ်းစင်စီးပြီးလျှင် ထွက်စေတော်မူ၏။

ယင်းသို့ ထွက်ကြွ၍ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်၏ အကြား၌ နှစ်ပါးသောပြည်သူတို့ ဆွတ်ယူသုံးဆောင်ရာ သာယာနှပျို ကြည်ညိုဖွယ်ရှိလှသော လုမ္ဗိနီအင်ကြင်းတောသို့ရောက်ပြီး ပင်လုံးကျွတ်ပွင့်လျက် သားငှက် ပိတုန်းအပေါင်းတို့ဖြင့် တင့်တယ်သော အင်ကြင်းပင်စည်ကို မြင်တော်မူလျှင် ပျော်ရွှင်ဝင်နားကစားမြူးထူးလိုသော နှလုံးတော်ရှိလှ၍ ရွှေထမ်းစင်ထက်မှ သက်ဆင်းပြီးသော် အင်ကြင်းပင်အောက်သို့ ဝင်ကြွတော်မူ၏။

ယင်းသို့ ဝင်ကြွတော်မူပြီးလျှင် မင်္ဂလာရှိသော အင်ကြင်းပင်ကြီး၏ အခက်သည် ညွတ်လျက်ခံလှာ၏။ ထိုသို့ ခံလှာသော မင်္ဂလာအင်ကြင်းခက်ကို ရပ်လျက်လှမ်းတော်မူလျှင် စကြဝဠာတစ်သောင်းသည် ကောင်းချီးပေးသကဲ့သို့ အေးအေးကြည်ကြည် ကျူမြည်ရိုက်ဟည်းလျက် မြေကြီးတုန်လှုပ်ခြင်း၊ ဥက္ကာပျံညီး မီးရှူးရောင်ဝေ လနေကြယ်စုံထွက်၍ တစ်ပြိုင်နက် ထွန်းလင်းခြင်းအစရှိသော သုံးဆယ့်နှစ်သွယ်သော အံ့ဖွယ်သူရဲလွန်ကဲသော တိတ်နိမိတ်တို့ကို ထင်ရှားစွာပြလျက် ကမ္ဘလေလှုပ်လတ်သော အထိန်းအယ မောင်းမကိုယ်လှုပ်တို့အား အကြောင်းကိုကြား၍ ထိုအင်ကြင်းပင်၏ အပါးတွင် တင်းထိမ်အရံဖြင့် ကာရံခယလျက် မစပြုပြင်ကုန်စဉ် သန့်ရှင်းလွန်းကဲသော ပုလဲမှည့်ရတနာသည် အာကာတိမ်ညွန့်မှ မြူးကွန့်ထွက်ဆင်းသကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာကြီးငယ်တို့နှင့် ပြည့်စုံသော အလောင်းတော်မင်းသားကို မဟာသက္ကရာဇ် (၆၈)ခု ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့ နံနက်တစ်ချက်တီးအချိန်သိဟ်လင်္ဂဗြိစ္ဆာစန်းဝိသာခါနက္ခတ်နှင့် ယှဉ်လျက်ဖွားမြင်တော်မူ၏။ ယင်းသို့ ဖွားမြင်တော်မူလျှင် ကောင်းကင်ပြင်မှ ရေယာဉ်နှစ်သွယ်တို့သည် မယ်တော်၌ လည်းကောင်း၊ အလောင်းမင်းသား၌ လည်းကောင်း ချမ်းမြကြည်သာ ဝေဒနာမရှိစေခြင်းငှာ သက်ဆင်းသွန်းဖျန်းလာကုန်၏။ အလောင်းမင်းသားသည်လည်း တစ်ပါးသောသူတို့ကဲ့သို့ လိမ်းကျံရစ်ထွေး ညစ်ကြေးသမ်းမို့ခြင်းမရှိ ပကတိသွန်းသစ်သော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ စင်ကြယ်စွာ ဖွားမြင်တော်မူလာ၏။

အလောင်းမင်းမြတ်သည်လည်း အရှေ့အရပ်မှ မြောက်သို့ လှည့်တော်မူလျက် ခုနစ်ဖဝါးသွား၍ မတ်မတ်ရပ် တန့်ပြီးသော်-

(၁) အဂ္ဂေါ ဟ မသ္မိ လောကဿ

(၂) ဇေဋ္ဌော ဟ မသ္မိ လောကဿ

(၃) သေဋ္ဌော ဟ မသ္မိ လောကဿ. . . . ဟူ၍ သုံးခွန်းသောစကားဖြင့် ကြုံးဝါးတော်မူ၏။

ထိုသို့သွားစဉ်မြင်ကုန်သော လူနတ်အပေါင်းတို့ကား အလောင်းတော်မင်းသားသည် ဖွားတိုင်းသောကိုယ်ဖြင့် သွားသည်ကို ဝတ်စားဆင်ယင်လျက်သွားသကဲ့သို့ ငယ်သောအရွယ်ဖြင့် သွားသည်ကို တစ်ဆယ့်ခြောက်နှစ်အရွယ်ဖြင့် သွားသကဲ့သို့ ထင်ကြကုန်၏။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၏ ဇာတ်လမ်းအကျဉ်းသည် ဤမျှသာဖြစ်လေသည်။

ဇာတ်သဘင်ပြိုင်ပွဲ၌ "မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း" ဇာတ်တော်ကြီးကို ကပြရာ၌ ရည်ရွယ်ချက်များအဖြစ်-

(၁) မြတ်စွာဘုရားရှင်၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကို ကြည်ညိုသဒ္ဓါပွားများကြစေရန်။

(၂) လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးအထူးထူးကို သိမြင်ပွားများကြစေရန်။

(၃) အလောင်းတော်၏ သာသနာတော် ရင့်သန်မှုကို ကြည်ညိုသဒ္ဓါပွားများကြစေရန်ဟူ၍ တွေ့ရမည်ဖြစ်လေသည်။

အနှစ်သာရအားဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားများကြစေရန် ပုံဖော်ရမည်ဖြစ်သည်။ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ကပြကြရာ၌ ပါဝင်အပ်သည့် အခန်းစဉ်များအဖြစ်-

(၁) စကြဝဠာပေါင်း တိုက်တစ်သောင်းတို့၌ အသီးသီးနေကြကုန်သော နတ်အပေါင်းတို့က အလောင်းတော် သေတကေတုနတ်သားအား ဘုရားဖြစ်ရန် အချိန်တန်၍ နတ်သက်ခြွေပါရန် လျှောက်ထားခန်း၊ အလောင်းတော် နတ်သား ကြည့်ခြင်းကြီး ငါးပါးဖြင့် ကြည့်တော်မူခန်း။

(၂) နှစ်ပါးသွားခန်း(သုဒ္ဓေါဒန၊ မဟာမာယာဒေဝီ၊ မဟာပဇာပတိ တို့နှစ်ပါးသွားခန်း။)

(၃) အလောင်းတော် သေတကေတုနတ်သားသည် နတ်သား၊ နတ်သမီးတို့ ခြံရံလျက် နန္ဒဝန်ဉယျာဉ်တော်အတွင်း လှည့်လည်ခန်း။ အလောင်းတော် သေတကေတုနတ်သား၏ ဆုတေ(နတ်သက်ခြွေရန်) အချိန်ကာလစေ့ရောက်ခန်း။

(၄) သီရိမဟာ မာယာဒေဝီမိဖုရားခေါင်ကြီး အိပ်မက်တော်မြင်မက်ခန်း။

(၅) ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ ညီလာခံခန်း။ (အတွင်းဝန်က မိဖုရားခေါင်ကြီး၌ ပတ္တမြားနှုတ်ငုံဆောင်နေတော်မူကြောင်း လျှောက်ကြားရမည်။)

(၆) မယ်တော်မာယာ၏ အတွင်းဆောင်၌ စံပယ်ခန်း၊ သုဒ္ဓေါဒနမင်းကြီး အဆောင်တော်သို့ ကြွချီလာခန်း။ မောင်ငယ်တော် သုပ္ပဗုဒ္ဓမင်းရှိရာ ဒေဝဒဟသို့ သတင်းကောင်းစကားပါးရန် ဗကအမတ်ကြီးကို ဒေဝဒဟသို့ စေလွှတ်ခန်း။

(၇) ဒေဝဒဟသို့သွားမည့် ဗကအမတ်ကြီးကို လက်စွဲတော်သို့ နှုတ်ဆက်မှာကြားခန်း။

(၈) ဒေဝဒဟနန်းညီလာခံခန်း။ (သုပ္ပဗုဒ္ဓမင်းက ဗကအမတ်ကြီး၏ သတင်းကောင်းစကားလျှောက်ကြားမှုကို ပြက်ရယ်ပြုခန်း။)

(၉) သုဒ္ဓေါဒနမင်းနှင့် မယ်တော်မာယာ ဉယျာဉ်တော်၌ စံနေခန်း။ ဗကအမတ်ကြီး ပြန်ရောက်လာပြီး ပြက်ရယ်ပြုခံရကြောင်း မင်း၊ မိဖုရားနှစ်ပါးအား လျှောက်ကြားခန်း။ မယ်တော်မာယာက ဒေဝဒဟသို့သွားခွင့်ပြုရန် လျှောက်ကြားခန်း။ သုဒ္ဓေါဒနမင်းက မတတ်သာ၍ လိုက်လျောခန်း။

(၁၀) လုမ္ဗိနီအင်ကြင်းတောသို့ မယ်တော်မာယာ ရောက်ရှိခန်း။

(၁၁) အလောင်းတော်ကို ဖွားမြင်ခန်း။ နတ်၊ လူအပေါင်းတို့က နံ့သာပန်းမန်တို့ဖြင့် ပူဇော်ခန်း။ အလောင်းတော်မြောက်အရပ်သို့ ခုနစ်ဖဝါးလှမ်း၍ ဥဒါန်းကျူးရင့်ခန်း။

(၁၂) ဒေဝဒဟပြည်မှ ဆွေတော်မျိုးတော်တို့လည်း သတင်းကောင်းစကားကို ကြားရ၍ အင်ကြင်းတောသို့ ရောက်ရှိလာခန်း။

(၁၃) ကပိလဝတ်၊ ဒေဝဒဟနှစ်ပြည်ထောင်သော လူအများတို့ မိဖုရားကြီး မဟာမာယာဒေဝီနှင့်တကွ ဘုရားအလောင်းသားတော်မြတ်ကို ယူဆောင်၍ ကပိလဝတ်ပြည်သို့ ပြန်ခန်း။

ပါဝင်အပ်သည့် အခန်းစဉ်များကို လေ့လာကြည့်ခြင်းဖြင့် "မဟာဗုဒ္ဓဝင်ကို ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ဗုဒ္ဓဝင်လာဇာတ်ကြောင်းကိုသာမှီ၍ ကပြကြရန် ဖြစ်လေသည်။ ဇာတ်ညွှန်းရေးသူနှင့် ဇာတ်စီးဆရာတို့သည် မိမိတို့ပညာဖြင့် သင့်ရာအခန်းစဉ်များ၊ ပြကွက်များကို စီစဉ်တင်ဆက်နိုင်မည်"ဟု ယုံကြည်မိပါသည်။

ဇာတ်၏ဖြစ်စဉ်အရ ဘုရားကန်တော့ခြင်း၊ နတ်ကတော်အပျိုတော်အက ကခြင်း၊ ဇာတ်ပျိုးခြင်း၊ ဇာတ်နိုးခြင်းတို့သည် ပါဝင်ရမြဲဖြစ်သဖြင့် "ကပိလဝတ်ပြည်ဘုရင် သုဒ္ဓေါဒနမင်းကြီး"၏ ညီလာခံခန်း တစ်နည်း နန်းစီးခန်းသည် ဇာတ်တော်ကြီးကို နှစ်သက်သူများအတွက် စွဲမက်ဖွယ်ရာ ပြကွက်ဖြစ်နိုင်ပြီး ကိုယ့်ထီးကိုယ့်နန်းနှင့် နေခဲ့စဉ်ကာလများကို ပြန်လည်တမ်းတ ဇာတိမာန်နိုးကြွစေမည်သာဖြစ်လေသည်။ ထို့အပြင် မယ်တော်သီရိမဟာမာယာဒေဝီမိဖုရားကြီးကို အင်ကြင်းတော၌ နတ်ရွာစံခြင်းမပြုစေဘဲ ကပိလဝတ်ပြည်သို့ ပြန်စေခြင်းမှာလည်း အမှားကို အမှန်ထင်နေကြသူများအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနှစ်သာရစေတနာမှန်ဖြစ်စေသည်ကို ကျေးဇူးတင်နေမည်သာဖြစ်လေသည်။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းဇာတ်ကြီးကို မယ်တော်သီရိမဟာ မာယာဒေဝီမိဖုရားခေါင်ကြီးက အလောင်းတော်၏ သန္ဓေကို လွယ်ထားရသည့် အချိန်မှစ၍ ဇာတ်ကို နိုးထစေမည်ဖြစ်လေသည်။ ဒေဝဒဟ၊ ကောလိယနှင့် ကပိလထီးနန်း ဤကြင့်နှန်းသုံးဆူတို့၏ နှုန်းတူအနွယ်တို့ကြားဝယ် သက်တော်ငါးဆယ်ကျော်မှ သားသန္ဓေရသည့် မိန်းမသားတစ်ဦး၏ ဘဝ၊ သားဇောကပ်နေသည့် ဖခင်တစ်ဦး၏အလှ၊ အနွယ်တော်တို့၏ ကြားဝယ် အရှက်ပွားစေမည့် စကားဟု ထင်မှတ်မှားသည့် သုပ္ပဗုဒ္ဓဘုရင်၏ ဒေါသတို့က ဇာတ်ကိုလှပအောင် ဖန်ဖွဲ့ပေးနေသည်သာဖြစ်လေသည်။ မောင်တော် သုပ္ပဗုဒ္ဓဘုရင်ထံ သားသန္ဓေပြရန် မယ်တော်မိဖုရား၏ ခြေလှမ်းများက ဇာတ်ကို အထွတ်အထိပ်ပေးဆောင်မည်သာ ဖြစ်လေသည်။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၌ ဇာတ်ရုပ်များအဖြစ်-

(၁) ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန

(၂) သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး သီရိမဟာမာယာဒေဝီ မိဖုရားကြီး

(၃) သုဒ္ဓေါဒနမင်းကြီး၏မိဖုရား မာယာဒေဝီမိဖုရားကြီး၏ ညီမတော် ဂေါတမီ မိဖုရား

(၄) ဒေဝဒဟပြည့်ရှင်ဘုရင် သုပ္ပဗုဒ္ဓ

(၅) ဇာတ်ပျိုး၊ ဇာတ်နိုးရာမှ ဇာတ်ကို ပေါင်းသည်အထိ နိုးထစေပါသော ဗကအမတ်ကြီး

(၆) အထိန်းတော်များ

(၇) လက်ဆွဲတော်များ

(၈) ဝန်နီ၊ ဝန်စိမ်း၊ မှူးမတ်ဗိုလ်ပါ အခြွေအရံများဟူ၍ တွေ့နိုင်ပါသည်။

ကန့်သတ်ထားသည့် ပြိုင်ပွဲဝင်၏ ဦးရေနှင့်အညီ ဇာတ်ကို လှုပ်ခါနိုးကြွစေမည်ဟု ယုံကြည်မိပါသည်။ ထိုသို့သော ဇာတ်ရုပ်များပါဝင်သည့် ဇာတ်တော်ကြီးကို-

(၁) ပထမ၊ ဒုတိယ၊ တတိယ ဟူသော အဖွဲ့လိုက်ဆု

(၂) သုဒ္ဓေါဒနမင်းသားဆု

(၃) မယ်တော်မာယာမင်းသမီးဆု

(၄) ဗကအမတ်ကြီးဆု

(၅) သုပ္ပဗုဒ္ဓမင်းသားကြီးဆု

(၆) နှစ်ပါးသွားဆု (မင်းသား-မင်းသမီး)

(၇) ဇာတ်သဘင်တင်ဆက်မှုဆိုင်ရာ စာပေဆု (ဇာတ်ညွှန်းဆု)

(၈) ပံ့ပိုးဆိုင်းဆု

(၉) ဒါရိုက်တာဆုတို့ ပေးအပ်ချီးမြှင့်ပေးမည်ဖြစ်လေသည်။

ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ကြည့်ရှုရခြင်းဖြင့်-

"ပြည်သူတို့ မေတ္တာမှန်ကို ငါကိုယ်တော်ခံ၊ တစ်ဆူဘုရင်၊ လောကနတ်ဟု ပြောစမှတ်တွင်လောက်ပေမယ်ကိုမင်းကြီးများ" ဟူသော နန်းစီးစကား-

"လစဉ်အမှန်၊ မ ခင်ပန်တဲ့ ကျန်ရတုႉ . . ပြန်လုချိန်သင့်၊ သန္တာနီမြန်း၊ ရာသီပန်း၊ ရွှေခေါင်ရန်းလေးများပွင့်ပါစေဗျာႉ . . ဟူသော ပဋိသန္ဓေစစ်စကားစသည့် ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများသည် ပရိသတ်ကိုလှုပ်နိုးစေမည် ဖြစ်လေသည်။

ဇာတ်သမားလာလျှင်၊ မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်ဟူသော သဘင်ပညာရှင်တို့၏ အစဉ်အလာစကားအရ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ရာဇအကြောင်းများကို ကူးလူးယှက်နွယ် မွမ်းထုံထားသော ပြိုင်ပွဲဝင်သဘင်ပညာရှင်များ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ကြိုဆိုအားပေးရမည်ဖြစ်ပါကြောင်း ဖော်ကျူးတင်ပြလိုက်ရပါတော့သည်။ ။

မဟာဗုဒ္ဓဝင်ကို ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ဗုဒ္ဓဝင်လာဇာတ်ကြောင်းကိုသာမှီ၍ ကပြကြရန်ဖြစ်။ ဇာတ်ညွှန်းရေးသူနှင့် ဇာတ်စီးဆရာတို့သည် မိမိတို့ပညာဖြင့် သင့်ရာအခန်းစဉ်များ၊ ပြကွက်များကို စီစဉ်တင်ဆက်နိုင်မည်ဟု ယုံကြည်။

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း လဟာပြင်ဈေး မြေကွက်လပ်တွင် အဟောင်းဈေးဆိုင်တန်း ဖွင့်လှစ်မည်

ရန်ကုန်　　စက်တင်ဘာ　　၁၀

အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်းတွင် ရန်ကုန်မြို့ လဟာပြင်ဈေး၌ အဟောင်းဈေးဆိုင်တန်း (Flea Market) ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၂၀၁၁ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ရုံးပိတ်ရက်ဖြစ်သော စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ခွင့်ပေးမည့် အဟောင်းဈေးဆိုင်တန်းတွင် နေအိမ်၊ ရုံးများ၌ အသုံးမလိုပစ္စည်းများအား ပြန်လည်ရောင်းချနိုင်သည့် အစီအစဉ်တစ်ခုဖြစ်သည်။ အသုံးမလိုတော့သည့် အိမ်ထောင်ပရိဘောဂများ၊ အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အမှတ်တရပစ္စည်းများကို လာရောက်ရောင်းချနိုင်ပြီး မိမိတို့အစီအစဉ်ဖြင့် ယူဆောင်လာကာ ရောင်းချပြီးပါကလည်း ပြန်လည်သိမ်းဆည်း၍ ဈေးဆိုင်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဆိုင်နေရာတစ်နေရာလျှင် ၆ ပေပတ်လည်သတ်မှတ်ထားပြီး မြို့တော်စည်ပင်က သတ်မှတ်ထားသည့် ပစ္စည်းအမျိုးအစားအလိုက် ရောင်းချမည့်နေရာတွင် ဦးရာလူစနစ်ဖြင့် စနစ်တကျရောင်းချနိုင်သည်ဟု သိရသည်။

လမ်းဘေးဈေးသည်များကို နေရာချထား ရောင်းချစေခြင်းမဟုတ်ဘဲ အသုံးမလိုပစ္စည်းများကို အသုံးလိုသူထံ ရောင်းချနိုင်သည့် (Flea Market) ဈေးကွက်တစ်ခုဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏ ခွင့်ပြုချက်နှင့်အတူ မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်သည်။ နိုင်ငံတကာ မြို့ပြများတွင် ဈေးကွက်သည် ခေတ်စားလျက်ရှိပြီး တွင်ကျယ်စွာဖွင့်လှစ်ထားကြသည်ဟု သိရသည်။ နိုင်ငံခြားသား ခရီးသွားများပင် စိတ်ဝင်တစား လာရောက်ကြသော ဈေးများဖြစ်သည့်အတွက် ခရီးသွားဆွဲဆောင်မှုအသွင် ဆောင်ရွက်ကြသည်ဟု သိရသည်။ အချို့နိုင်ငံများတွင် အားလပ်ရက် ဈေးများ (Weekend Market)ဟု ခေါ်ဆိုကြကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ အဟောင်းဈေးဆိုင်တန်း ဖွင့်လှစ်ခွင့်ပြုရန်အတွက် နေရာသတ်မှတ်တိုင်းတာမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

(၀၀၁)

စီးတီးတက္ကစီများတွင် တပ်ဆင်ထားသော မီတာများ ပြန်လည်ပြင်ဆင်နေရ

ရန်ကုန်　　စက်တင်ဘာ　　၁၀

ရန်ကုန်မြို့တွင် ပြေးဆွဲမောင်းနှင်နေသော စီအင်န်ဂျီသုံး စီးတီးတက္ကစီများတွင် တပ်ဆင်ထားသည့် မီတာများ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေရသည်ဟု စီးတီးတက္ကစီ ယာဉ်မောင်းများ၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့တွင် မီတာတပ်ဆင်ထားသော စီးတီးတက္ကစီများအားလုံး မီတာစနစ်ဖြင့်သာ ယာဉ်စီးခကောက်ခံကြရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက သတိပေးကြေညာချက် ထုတ်ပြန်ခဲ့ပြီး ပညာပေးကာလ ဆောင်ရွက်ခဲ့ကာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှ စတင်၍ စစ်ဆေးအရေးယူမှု ပြုလုပ်လျက်ရှိသည်ဟု သိရသည်။ ယင်းကြေညာချက်ကြောင့် ယခင်က စီအင်န်ဂျီ တပ်ဆင်ထားသော မော်တော်ယာဉ်တိုင်း မီတာတပ်ဆင်ရမည်ဟူသော သတ်မှတ်ချက်အရ မီတာတပ်ဆင်ခဲ့ခြင်းဖြစ်ပြီး မသုံးမနေရ အသုံးပြုရမည် ဆိုသောအခါ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရခြင်းဖြစ်သည်ဟု သိရှိရသည်။

“မီတာတွေတပ်ရမယ်ဆိုလို့ တပ်ခဲ့ကြပြီး တကယ်သုံးဖြစ်တဲ့အခါကျတော့ ဝါယာကြိုးတွေ ပြန်ပြင်ရတယ်။ မီတာလည်အောင် ပြန်ပြီး ဆားဗစ်ပြန်လုပ်ရတယ်။ ကိုယ်တပ်ခဲ့တဲ့ ကုမ္ပဏီမှာပေါ့။ ဝန်ဆောင်ခက သုံးထောင်နဲ့ ကြိုးတွေပြန်ပြင်ရတာ တစ်သောင်းဆိုတော့ စုစုပေါင်း တစ်သောင်းခွဲလောက်တော့ ပြန်ကုန်ရတာပေါ့။ ခုရက်ပိုင်း မီတာတပ်ပေးတဲ့ ကုမ္ပဏီတွေမှာ တက္ကစီတွေ တန်းစီနေကြတယ်”ဟု စီးတီးတက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

မီတာစနစ်ဖြင့် ပြေးဆွဲရမည်ဆိုသော ကြေညာချက်ကြောင့် မီတာဖွင့်၍ ပြေးဆွဲမောင်းနှင်ကြသော်လည်း မီတာဖြင့် ယာဉ်စီးခ ကောက်ခံခြင်းမရှိဘဲ ယခင်ကလိုပင် ညှိနှိုင်းစနစ်ဖြင့်သာ သွားလာနေကြသည်ဟု သိရသည်။ သက်ဆိုင်ရာမှ စစ်ဆေးသည့်အခါ မီတာစနစ်ဖြင့်သာ သွားလာသည်ဟု ပြောကြားရန်ခရီးသည်များနှင့် ညှိနှိုင်းထားကြသည်ဟု သိရသည်။

“မီတာနဲ့မမောင်းရင် ဖမ်းမယ် ဆိုတော့ မီတာတွေ ပြန်ပြင်ကြပေမယ့် မီတာနဲ့ မစီးချင်ဘူးဗျ။ လိုတာထက် ပိုကျမှာစိုးတယ်။ ဈေးက သိပ်မကွာဘူးဆိုပေမယ့် ငွေအကြွေကခက်တော့ တစ်ရာလိုတာ နှစ်ရာပိုသွားတာဆို ပေးစရာလည်းမရှိ၊ အမ်းစရာလည်း မရှိလေ။ တက္ကစီ တစ်စီးနဲ့တစ်စီးကလည်း အခွင့်အရေးချင်းတူတာမှ မဟုတ်တာ။ အရည်အသွေး မတူကြတော့ တစ်ယောက်နဲ့တစ်ယောက် လေကုန်ခံ ဈေးမညှိရဘဲ မောင်းတဲ့စနစ် ဖြစ်မယ်မထင်ဘူး။ ကားအားလားမေးစရာမလိုဘဲ၊ သွားမယ့်နေရာမပြောဘဲ ကားပေါ်တက်ထိုင်မောင်းခိုင်းတာမျိုး မလွယ်သေးဘူးထင်တယ်”ဟု ခရီးသည်တစ်ဦးက ပြောသည်။

တက္ကစီမီတာတစ်လုံးကို ကျပ်နှစ်သိန်းဖြင့် တပ်ဆင်ခဲ့ကြရပြီး ယခုအခါ ကျပ်တစ်သိန်းခွဲဖြင့် တပ်ဆင်ပေးလျက်ရှိသည်ဟု သိရသည်။

မီတာစနစ်ဖြင့် ယာဉ်စီးခနှုန်း သတ်မှတ်ထားရာတွင် ယာဉ်ပေါ်သို့ တက်တက်ချင်း ကျပ် ၅၀၀၊ ခရီး တစ်ကီလိုလျှင် ကျပ် ၁၅၀ နှုန်းနှင့် စောင့်ဆိုင်းခ ကျပ် ၅၀ ဖြင့် သတ်မှတ်ထားသည်။ မီတာဖြင့် ပြေးဆွဲခြင်းမပြုသော ယာဉ်ကို စစ်ဆေးတွေ့ရှိရပါက ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှ စတင်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက ယာဉ်မောင်းအား ပထမအကြိမ်တွင် စီမံချက်နှင့် ယာဉ်စည်းကမ်း ဒဏ်ငွေ ကျပ် ၁၁၅၀၀ နှင့် လိုင်စင်တစ်လပိတ်သိမ်း၊ ဒုတိယအကြိမ်တွင် ဒဏ်ငွေ ကျပ် ၃၁၅၀၀ နှင့် လိုင်စင်သုံးလပိတ်သိမ်း၊ တတိယအကြိမ်တွင် စီအင်န်ဂျီသဘာဝဓာတ်ငွေ့ထုတ်ယူခွင့် တစ်လပိတ်သိမ်း အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

(ဆုနှင်းလဲ့-ကြေးမုံ)

ရတနာပုံဒိုင်းမွန်းပလာဇာ ဆိုင်ခန်း ၂၅ ရာခိုင်နှုန်း စတင်ဖွင့်လှစ်

မန္တလေး　　စက်တင်ဘာ　　၁၀

မန္တလေးမြို့၏ အချက်အချာနေရာဖြစ်သော (၇၈) လမ်းနှင့် (၃၃) လမ်းထောင့်ရှိ ရတနာပုံဒိုင်းမွန်းပလာဇာ (အောက်ပုံ) **ကို ဆိုင်ခန်း ၂၅ ရာခိုင်နှုန်း စတင်ဖွင့်လှစ်ရောင်းချသည့် အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၅၊ ၆၊ ၇ ရက်တို့တွင် နိုင်ငံကျော် အဆိုတော်များ၏ ဖျော်ဖြေမှုများဖြင့် ပလာဇာ၏အပေါ်ဆုံးခေါင်မိုးထပ် လဟာပြင်တွင် ဈေးရောင်းပွဲတော်နှင့်အတူ သုံးရက်ဆက်တိုက် ဖျော်ဖြေပွဲကျင်းပသည်။**

စက်တင်ဘာလအတွင်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင်လည်း နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများဖြင့် ဈေးစည်ကားရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါနေရာတွင် ယခင်က ရတနာပုံဈေး တည်ရှိခဲ့သည်။ (၇၉) လမ်းရှိ တရုတ်တန်းဈေးအား အဆင့်မြင့်ဈေးအဖြစ် စုစည်းကာ ဖွင့်လှစ်ပေးခဲ့သော်လည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က မီးဘေးသင့်ကာ ဈေးအဆောက်အအုံတစ်ခုလုံးနီးပါး ပျက်စီးခဲ့ရသည်။ လေးထပ်အဆောက်အအုံ ရတနာပုံဈေးကြီး မီးလောင်ခဲ့ခြင်းကြောင့် ဈေးကြီးပေါ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများ၊ Sky Walk Shopping Centre၊ မန္တလေး ICT နည်းပညာအတွက် အချက်အချာဖြစ်သော MICT နှင့် အခြားရုံးခန်းများအပါအဝင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။ ထိုနေရာတွင် ရတနာပုံဒိုင်းမွန်းပလာဇာနှင့် ရတနာပုံစူပါစင်တာအဖြစ် တည်ဆောက်ခဲ့ပြီး ဈေးများ စတင်ရောင်းချခြင်းဖြစ်သည်။ အဆိုပါဈေးများ ဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပရန်စီစဉ် ထားကြောင်း သိရသည်။

(၀၀၂)

မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲ မိတ္ထီလာကန်တော်မင်္ဂလာတွင် ကျင်းပ

မိတ္ထီလာ　　စက်တင်ဘာ　　၁၀

မိတ္ထီလာမြို့ ရွှေဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ၎င်းစေတီတော်အနီး ကန်ရေပြင်၌ ကျင်းပရာ **(အောက်ပုံ)**ပြိုင်ပွဲဝင်လှေအသင်း အကြီးတန်း ခြောက်သင်း၊ အငယ်တန်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည် ။

“မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ဖောင်တော်ဦးစေတီဘုရားပွဲတော်နဲ့အတူ ထည့်သွင်းကျင်းပပေးတာက ပြိုင်ပွဲဝင်လှေအသင်းသားတွေအနေနဲ့ အများနဲ့စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်မွေးမြူထားတတ်လာစေဖို့၊ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီတတ်တဲ့စိတ်ဓာတ်တွေ ထားတတ်လာစေဖို့နဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ အားကစားနည်းကို မျိုးဆက်သစ်လူငယ်လူရွယ်တွေ၊ ဒေသခံပြည်သူတွေက မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ချင်တဲ့စိတ်ထားတွေ ထားရှိလာနိုင်ဖို့ စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ကျင်းပတာဖြစ်ပါတယ်” ဟု ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ပြောကြားသည်။

မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲမှာ အခြားအားကစားနည်းများနှင့်မတူဘဲ ပြိုင်ပွဲတွင် တာထွက်သည့်အချိန်မှ ပန်းတိုင်သို့ ပန်းဝင်သည့်အချိန်ထိ ပြိုင်ပွဲဝင် လှေအသင်းသားအားလုံး အားသွန်ခွန်စိုက်ယှဉ်ပြိုင်ရပြီး ရည်မှန်းချက်ပြည့် ပန်းဝင်သည်အထိ အသင်းသားအားလုံး အစွမ်းကုန် အားစိုက်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမျိုးဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ စက်တင်ဘာ ၁၂ ရက် (တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်နေ့)ထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနောက်ဆုံးနေ့တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဖြိုးစန္ဒာ(မိတ္ထီလာ)

သက်တမ်းလွန်ဆေးဝါးများ ဖျက်ဆီးရန်စီစဉ်

ရန်ကုန်　　စက်တင်ဘာ　　၁၀

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အကူအညီဖြင့် သက်တမ်းလွန်ဆေးဝါးများကို ဖျက်ဆီးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆေးခန်း၊ ဆေးဆိုင်များနှင့် ဆေးဝါးတင်သွင်းသူ ကုမ္ပဏီများက မိမိတို့လက်ဝယ်ရှိ ဖျက်ဆီးလိုသည့် သက်တမ်းလွန်ဆေးဝါးများကို စာရင်းပြုစု၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်လုပ်ငန်းရှင်များအသင်းချုပ်ရှိ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းသို့ လာရောက်ပေးပို့ရန်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

တိုင်းရင်းဆေးလုပ်ငန်းရှင်များ၏ ဘဝပုံရိပ်



စေတနာလှိုင်(ရေစကြို)၏ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၏ ဘဝပုံရိပ်စာအုပ်ကို ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်၌ နိုင်ငံကျော် တိုင်းရင်းဆေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခန်းအပြင် ၂၀၁၁ ခုနှစ် တိုင်းရင်းဆေးပြပွဲအမှတ်တရ ဓာတ်ပုံမြင်ကွင်းများနှင့် ဆေးဝါးအညွှန်းများကိုပါ ဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို ရန်အောင်စာပေ အထက(၁) ရန်ကင်းကျောင်းရှေ့ ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဝယ်ယူနိုင်သည်။

၆၀ ကျော်သော်

စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) စုစည်းတင်ဆက်သည့် ၆၀ ကျော်သော် (ကဗျာ၊တရား၊ ဆောင်းပါး၊ ဝတ္ထု) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် စံကင်းဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော် ဘဒ္ဒန္တကဝိသာရ၊ ဆန်းလွင်၊ သုခ၊ ဦးရွှေအောင်(မဟာဝိဇ္ဇာ)၊ ဒဂုန်တာရာ၊ နောင်၊ ဇေယျတက်တိုး၊ တိုက်စိုး၊ ပါရဂူ၊မောင်ပေါ်ထွန်း၊ လူထုဦးလှ၊ မြသန်းတင့်၊ ဘိုကလေးတင့်အောင်၊ ဦးဖိုးကျား၊ သော်တာဆွေ၊ တက္ကသိုလ်ဘုန်းနိုင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊မောင်ဝဏ္ဏ၊ မင်းလူ၊ ဒေါက်တာရဲနိုင်၊ နုနုရည်(အင်းဝ)၊ မစန္ဒာ စသည့် ဆရာတော်များ၊ စာရေးဆရာကြီး၊ စာရေးဆရာမကြီးများ၏ တရား၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ ပါရှိသည်။

ဒွေးသစာပေမှ ထုတ်ဝေဖြန့်ချိ၍ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

ဂဏန်းဗေဒင်

တက္ကသိုလ် စိုးမိုးနိုင်၏ ၂၀၁၂ ခုနှစ်အတွက် နဝင်းကိုးပွင့် ဂဏန်းဗေဒင်စာအုပ်ကို မြန်မာစတားစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အင်္ဂလိပ်လ၏ မည်သည့်လမှာမဆို မွေးနေ့ရက်စွဲ သိရုံမျှဖြင့် ၂၀၁၂ ခုနှစ်အတွက် ကံတရားကို အလွယ်တကူ ဖတ်ရှုနိုင်သည်။ ၂၀၁၂ ခုနှစ်အတွင်း တွေ့ကြုံရမည့် တစ်နှစ်လုံး ကံတရား၊ ဘဝအောင်မြင်ရေးလမ်းညွှန်၊ လအလိုက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ ယတြာပါမကျန် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

မိမိကံကြမ္မာကို မိမိကိုယ်တိုင် တွက်ချက်အဖြေရှာကြည့်နိုင်သော သက်ရောက်ဟောကိန်းများကို ဖော်ပြထားသော စာအုပ်များဖြစ်သည်။ ၁ ဂဏန်းမှစ၍ ၉ ဂဏန်းအထိ အင်္ဂလိပ်မွေးရက်စွဲအလိုက် စာအုပ်ကိုးအုပ်ကို မြန်မာစတားစာပေ ဖုန်း-၀၉-၅၀၁၂၇၆၇ နှင့် ရန်အောင်(၁)စာပေ ဖုန်း-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ တို့မှ ဖြန့်ချိလိုက်သည်။

မုန်တိုင်းရှောင်ကွင်း အန္တရာယ်ကင်း သင်္ဘောမောင်းနှင်နည်း

ဆောင်းပါးရှင် ကြိုင်လျှမ်း၏ မုန်တိုင်းရှောင်ကွင်း အန္တရာယ်ကင်း သင်္ဘောမောင်းနှင်နည်း စာအုပ်တွင် အစားမက်လို့ အသွားခက်ခဲ့ရပြီ၊ မမြင်ယောင်ဆောင် အမှတ်မှားပြီထင့်၊ သိလျက်နှင့်ပင် ဝိဘက်ကြမ္မာ ငင်ခဲ့လေသလား ဗိုက်ကူးနား သင်္ဘောမီးလောင် ပေါက်ကွဲမှုကြီး၊ မိုဘိုင်းဖုန်းကြောင့် မပြုံးနိုင်ကြရပြီ၊ အင်ဂျင်ဝိုင်တစ်စက် သွေးအသက်၊ မာဂရက်နှင့် ကံဆိုးမိုးမှောင် သူနိုင်ကိုယ်နိုင်ခေါင်းချင်းဆိုင်၊ ရင်ဆိုင်တွေ့ကြရာဝယ်၊ ဘာကြောင့် ပင်လယ်ပျော်သင်္ဘောသား လုပ်ကြတာလဲ စသည့် ဆောင်းပါး စုစုပေါင်း ၂၄ ပုဒ် ပါဝင်သည်။

ဆောင်းပါးများမှာ ဂျာနယ်များ၌ ရေးသားဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပြီး စိတ်ကူးချိုချိုစာပေက တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ထုတ်ဝေလိုက်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ အတွင်းရေးမှူး ဦးအောင်သန့် ဦးဆောင်သော ကိုယ်စားလှယ်များ၊ ကြံသီးနှံလုပ်ငန်းမှ လေ့လာရေးအဖွဲ့ဝင်များ၊ နှစ်ရှည်ပင်လုပ်ငန်းမှ လေ့လာရေးအဖွဲ့ဝင်များအား ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်း၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ဒေသအလိုက် ဆန်စပါးအပါအဝင် အထူးပြုသီးနှံစံပြစိုက်ကွင်းများ ထူထောင် စံပြစိုက်ကွင်းအဆင့်မှ တစ်မြို့နယ်လုံး၊ တိုင်းဒေသကြီးတစ်ခုလုံး တောင်သူချင်းလက်ဆင့်ကမ်းစည်းရုံး

နေပြည်တော် စက်တင်ဘာ ၁၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်သန့် ဦးဆောင်သော ကိုယ်စားလှယ်လေးဦး၊ ကြံသီးနှံလုပ်ငန်းမှ လေ့လာရေးအဖွဲ့ဝင် ၁၀၀၊ နှစ်ရှည်ပင်လုပ်ငန်းမှ ၅၀ စုစုပေါင်း ၁၅၄ ဦးတို့သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိလေ့လာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးတို့က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းစိုက်ပျိုးရေးပညာရှင်များအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ထားသော ပညာရပ်များကို တောင်သူလက်ဝယ်အရောက် ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဒေသအလိုက် ဆန်စပါးအပါအဝင် အထူးပြုသီးနှံများကို စံနမူနာပြစိုက်ကွင်းများထူထောင်ပြီး တောင်သူများ မြင်တွေ့အတုယူနိုင်ရေး ဆောင်ရွက်ကြရန်နှင့် စံပြစိုက်ကွင်းအဆင့်မှ တစ်မြို့နယ်လုံး၊ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုလုံး ပျံ့နှံ့၍ တောင်သူအချင်းချင်းက လက်ဆင့်ကမ်း ဖြန့်ဖြူးစည်းရုံး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးအုန်းသန်းက ကြံသီးနှံစိုက်စနစ်များနှင့် သီးနှံတစ်ဧကအထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာသွင်းအားစုသုံးစွဲရေး၊ နည်းပညာအသုံးချရေး ဆောင်ရွက်ရန်တို့ကို ရှင်းလင်းမှာကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီအတွင်းရေးမှူး ဦးအောင်သန့်က သတ်မှတ်ထားသော စိုက်စနစ်နှင့်အညီ စံပြကွက်ကြီးများ စိုက်ပျိုးပြသပြီး ကြီးကြပ်သူများ အဆင့်ဆင့်က တောင်သူလယ်သမားလက်ဝယ်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် တစ်နိုင်ငံလုံးသီးနှံအထွက်တိုးရန် သတ်မှတ်ပေးထားသော နည်းစနစ်များအတိုင်း ကြိုးပမ်းဆောင်ရွက်ကြရေး၊ စိုက်ပျိုးရေးပညာရှင်များက အောက်ခြေအဆင့်ဆင့် ကွင်းဆင်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင် ဦးကြည်ပြုံးက သီးနှံများအထွက်တိုးရေးအတွက် ဝန်ကြီးဌာနက ချမှတ်ထားသော သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်အား တောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံရှင်းလင်းပြီး အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို အထူးအလေးပေးဆောင်ရွက်ရန် မှာကြားသည်။

ပုဂံ-ညောင်ဦး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးအောင်ကြိုင်က မြန်မာနိုင်ငံအနေဖြင့် ဆန်စပါး၏အခန်းကဏ္ဍကို ကမ္ဘာတွင် ရင်ပေါင်တန်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်ရေးရာအတွင်းရေးမှူး ဦးဌေးဝင်းက နိုင်ငံအနှံ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့များသည် သိပ္ပံနည်းကျစိုက်ပျိုးထားသော ကြံခင်းကြီးများနှင့် စပါးခင်းများကိုလည်းကောင်း၊ သပြေပင်ကျေးရွာရှိ အထူးအထွက်တိုးကြံစိုက်ခင်း ငါးဧကကို လည်းကောင်း၊ နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တက်ကုန်းကျေးရွာ အထူးအထွက်တိုး သိပ္ပံနည်းကျ စပါးစိုက်ခင်း ဧက ၂၀ ၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးပင်များကိုလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအုပ်စုရှိ ကြံလမိုင်းစိုက်ခင်း ၁၀ ဧကနှင့် တစ်သျှူးမျိုးပွားစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့သည်။ (သတင်းစဉ်)

ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်

ပြည်တွင်းစားသုံးဆီဈေးကွက်များတွင် စားသုံးဆီသီးနှံများ၏ ဈေးနှုန်းပြောင်းလဲမှုနည်းခြင်းက စားသုံးဆီဈေးနှုန်းများကို ထိန်းညှိထားသော်လည်း စားသောက်ကုန်ဈေးကွက်များ၏ ဈေးနှုန်းမှာမူ ဈေးကွက်အသီးသီး၌ ဈေးနှုန်းအမျိုးမျိုးဖြစ်ပေါ်ခဲ့သည်။

ပဲဆီ။ ။ ရန်ကုန်နှင့် မကွေးပဲဆီဈေးကွက်များတွင် စက်တင်ဘာ ပထမပတ်က ပဲဆီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၅၀၀ ပေါက်ဈေးရှိခဲ့ပြီး ယခုအပတ်တွင်လည်း ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပေ။ ပဲခူးနှင့် တောင်ကြီး ပဲဆီဈေးကွက်များ၌ ယခင်အပတ်က ပဲဆီတစ်ပိဿာ ဈေးနှုန်းငွေကျပ် ၃၃၀၀ ခန့်ရှိခဲ့ရာမှ ယခုအပတ်တွင်မူ ငွေကျပ် ၃၁၀၀ ဝန်းကျင်အထိ ကျလာခဲ့သည်။ သို့သော် မန္တလေးနှင့် မုံရွာ ပဲဆီဈေးကွက်များတွင် ပဲဆီတစ်ပိဿာဈေးနှုန်းငွေကျပ် ၃၃၀၀သာ ပေါက်ဈေးရှိခဲ့ပြီး ကျန်ပဲဆီဈေးကွက်များ၌ ဈေးကွက်လိုက်၍ ဈေးနှုန်းအသီးသီးဖြစ်ပေါ်လျက်ရှိသည်။

နှမ်းဆီ။ ။ ပြည်တွင်းစားသုံးဆီဈေးကွက်များ၏ စက်တင်ဘာ ပထမပတ်အထိ နှမ်းဆီတစ်ပိဿာဈေးနှုန်းမှာ ရန်ကုန်နှမ်းဆီဈေးကွက်တွင် နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၄၀၀၊ မန္တလေး၊ မကွေးနှင့် မုံရွာ နှမ်းဆီ ဈေးကွက်များတွင် နှမ်းဆီတစ်ပိဿာဈေးနှုန်းငွေကျပ် ၂၂၀၀ နှင့် စစ်တွေနှမ်းဆီဈေးကွက်တွင်မူ နှမ်းဆီတစ်ပိဿာဈေးနှုန်းငွေကျပ် ၃၆၀၀ အထိရှိခဲ့သည်။

စားအုန်းဆီ။ ။ရန်ကုန်စားအုန်းဆီဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာ ဈေးနှုန်းမှာ ငွေကျပ် ၁၇၀၀ ဖြစ်ပြီး မန္တလေး၊ မကွေးနှင့်မုံရွာ စားအုန်းဆီဈေးကွက်များတွင် ယခုအပတ် စားအုန်းဆီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၈၀၀ ဝန်းကျင် ပေါက်ဈေးရှိခဲ့သည်။ သို့သော် ပဲခူးနှင့် တောင်ကြီးစားအုန်းဆီဈေးကွက်များတွင်မူ စားအုန်းဆီတစ်ပိဿာဈေးနှုန်းငွေကျပ် ၁၉၀၀ အထိ ပေါက်ဈေးရှိခဲ့သည်။

ငရုတ်သီး။ ။ ယခုအပတ် ငရုတ်သီးဈေးကွက်များ၏ ငရုတ်သီးတစ်ပိဿာ ဈေးနှုန်းများမှာ ရန်ကုန်၊ ပဲခူးနှင့် မြစ်ကြီးနား ငရုတ်သီးဈေးကွက်များတွင် ငရုတ်သီးတစ်ပိဿာဈေးနှုန်း ငွေကျပ် ၄၀၀၀၊ မန္တလေး ငရုတ်သီးဈေးကွက်တွင် ငရုတ်သီးတစ်ပိဿာဈေးနှုန်းငွေကျပ် ၃၅၀၀ နှင့် မကွေး၊ မုံရွာနှင့် ပခုက္ကူ ငရုတ်သီးဈေးကွက်များ၌ ငရုတ်သီးတစ်ပိဿာ ဈေးနှုန်းငွေကျပ် ၃၀၀၀ စသည်ဖြင့် ငရုတ်သီးဈေးကွက်အသီးသီး၌ ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုးဖြစ်ပေါ်ခဲ့သည်။

ကြက်သွန်နီ။ ။ ရန်ကုန်၊ မကွေးနှင့်မုံရွာ ကြက်သွန်နီဈေးကွက်များတွင် ကြက်သွန်နီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၆၀၀၊ မန္တလေးနှင့် ပဲခူးကြက်သွန်နီဈေးကွက်များတွင် ကြက်သွန်နီတစ်ပိဿာဈေးနှုန်းငွေကျပ် ၇၀၀ နှင့် တောင်ကြီးကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာဈေးနှုန်းငွေကျပ် ၈၀၀ အထိ ရှိခဲ့သည်။

ကြက်သွန်ဖြူ။ ။ ရန်ကုန်၊ ပဲခူးနှင့်မြစ်ကြီးနား ကြက်သွန်ဖြူဈေးကွက်များတွင် စက်တင်ဘာ ပထမပတ်အထိ ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းငွေကျပ် ၁၈၀၀ ရှိခဲ့သည်။ သို့သော် မန္တလေးကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၆၀၀ ဝန်းကျင်သာရှိခဲ့သည်။ မကွေးကြက်သွန်ဖြူဈေးကွက်မှာ တဖြည်းဖြည်းတက်လာရာ ကြက်သွန်ဖြူတစ်ပိဿာ ဈေးနှုန်းငွေကျပ် ၁၆၀၀ အထိ ရှိလာခဲ့ပြီး ယခင်အပတ်က ကျဆင်းခဲ့သော မုံရွာကြက်သွန်ဖြူဈေးကွက်မှာဈေးနှုန်း အနည်းငယ်တက်လာခဲ့သည်။

မြိတ်ခရိုင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

မြိတ် စက်တင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

(၁၈) ကြိမ်မြောက် မြိတ်ခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ မြို့နယ်များမှ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ အခမ်းအနားသို့ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ အမှတ်ပေးဒိုင်ချုပ်နှင့် ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၉-၂၀၁၁ (တနင်္ဂနွေနေ့)
[၁၃၇၃ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ "သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ"
၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၁၅ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၀ ၈။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ(၅-၁၀) အဆင့် (အမျိုးသမီး)]
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွမ်း" (အပိုင်း-၆)**
၁၂း၃၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "မိုးကြွေပွင့်ပုံပြင်" (နိုင်းနိုင်း၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-နောင်ထွန်းလွင်)**
၁း၅၀ ၆။ "ကျေးလက်ဒေသဖွံ့ဖြိုးရန် ရည်သန်နမ္မတူမိသားစု နို့စားနွားမွေးမြူရေးခြံ"
၂း၀၀ ၇။ အတီးပြိုင်ပွဲ
၂း၃၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၂း၅၀ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ မေတ္တာသုတ် (ပါဠိတော်နှင့် အနက်မြန်မာပြန်) (ဓမ္မစကြာဝတ်အဖွဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ(၅-၁၀) အဆင့် (အမျိုးသမီး)]
၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၉)**
၆း၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ "ဘဝအရသာ" (နေဆန်း၊ မိုခမ်း) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၁၄)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ခေတ်ဟောင်းတေး/ ကာလပေါ်တေး" အဆိုဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၄၈)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၈)**
၂၀။ အစီအစဉ်ပြီး၏။

တို တို ထွာ ထွာ ဖတ် စ ရာ

ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ကွန်ရက်အတွင်း တည်ဆောက်ဆဲတံတား ငါးစင်းသာ ပြီးစီးရန် ကျန်ရှိ

ရန်ကုန် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ လမ်းကွန်ရက် စီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်သော အရှည်(၃၈/၅) မိုင်ရှိ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ကွန်ရက်တွင် ပါဝင်သည့် တံတားအစင်းပေါင်း ၁၆ စင်းအနက် တည်ဆောက်ဆဲတံတား ငါးစင်းသာ ကျန်ရှိတော့သည်။

အရှည်ပေ ၁၂၀ ရှိ ဘုရားချောင်းတံတား၊ အရှည် ၄၆၆ ပေရှိ အောက်နတ်ချောင်းတံတား၊ အရှည် ပေ ၈၀ ရှိ တူးမြောင်းချောင်းတံတား၊ အရှည်ပေ ၁၃၀ ရှိ ကျီးချောင်းတံတား၊ အရှည်ပေ ၁၂၀ ရှိ ကျီးချောင်း ရေကျော်တံတား၊ အရှည်ပေ ၁၄၀ ရှိ ဂရန်းချောင်းတံတား၊ အရှည်ပေ ၈၀ ရှိ ပျဉ်ဘိုကြီး တူးမြောင်းချောင်း တံတား၊ အရှည်ပေ ၃၅၀ ရှိ ထော်ပိုင်ချောင်းကူးတံတား၊ အရှည်ပေ ၆၀ ရှိ ဥတိုကြားချောင်းတံတား၊ အရှည်ပေ ၈၀ ရှိ ရွှေးချောင်းတံတားနှင့် အရှည်ပေ ၁၂၀ ရှိ ခမိကြီးချောင်းတံတားများမှ ပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့ပြီး အရှည်ပေ ၁၁၂၀၀ ရှိ သကံချောင်းတံတား၊ အရှည် ၉၃၁ ပေရှိ စက်ဆန်းတံတား၊ အရှည်ပေ ၁၅၈၅ ပေရှိ ပသီချောင်းတံတား၊ အရှည် ၅၄၆ ပေရှိ လိပ်ချောင်းတံတား နှင့် အရှည်ပေ ၁၃၀၀ ရှိ ကမာဟောက်ချောင်းတံတားတို့မှာ တည်ဆောက်ဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားများပြီးစီးသွားပါက ဘိုကလေးမှ အမာသို့ တောက်လျှောက်သွားလာနိုင်မည် ဖြစ်သည်။ ယခင်က ဘိုကလေးမှ အမာသို့သွားလျှင် ဖျာပုံ-ကျုံကဒွန်း-ဒေါင်ငြိမ်း-အမာလမ်းမှတစ်ဆင့်သွားရပြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းမှ သွားလျှင် ခရီးမိုင် (၃၂/၅)ဖာလုံ တိုတောင်းသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား China International Forestry Group (CIFG) Co. ဥက္ကဋ္ဌ Mr. Zhang Zhang De နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ချင်းပြည်နယ်၌ ပိုးစာပင်စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ထင်းရှူးတောများ ထိန်းသိမ်းရေးနှင့် ထင်းရှူးဆီထုတ်လုပ်ရေး၊ ဒေသနေတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးရေးနှင့် သစ်တောစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးပန်ထောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ မြန်မာ့သစ်တောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီနှင့်ရုံးအဖွဲ့မှူး ဦးမျိုးဝင်းတို့တက်ရောက်ကြသည်။(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား China International Forestry Group (CIFG)Co. ဥက္ကဋ္ဌ Mr. Zhang Zhang De နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

◆ကျောဖုံးမှ

လေ့ကျင့်ရေးစခန်းတို့သို့ သွားရောက်၍ အားကစားသမားများ၏ လေ့ကျင့်နေမှုများ၊ နေထိုင်စားသောက်မှု၊ အာဟာရ ဖြည့်တင်းကျွေးမွေးမှုနှင့် အားကစားသမားများ ကျန်းမာကြံ့ခိုင်မှုရှိစေရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသော အာဆီယံအသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်လူငယ်အသင်းနှင့် ဗီယက်နမ်အသင်းပွဲစဉ်သို့ သွားရောက်ပြီး နှစ်ဖက်အသင်း အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ လိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

❖ သွားလမ်းသာ၍မှ

မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံလမ်းကို ဤသို့တွေ့ခဲ့ရသည်။

လွန်စွာဆိုးရွားပြီး လမ်းပေါက်ကြီးများ၊ နိမ့်ကျွံချိုင့်ခွက်ကြီးများအပြည့်နှင့် လမ်းမျက်နှာပြင် အကျယ်မှာလည်း ၁၂ ပေ အကျယ် ၃၂ မိုင်၊ ၁၈ ပေ အကျယ်(၂၅ မိုင် ၂ ဖာလုံ)၊ ၂၄ ပေအကျယ် သုံးမိုင်သာ ရှိသောလမ်းဖြစ်သည်။

ကုမ္ပဏီအနေဖြင့် ဆိုးရွားသော လမ်းမျက်နှာပြင်များအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရင်း စာချုပ်ပါသတ်မှတ်ချက်ဖြစ်သည့် ၂၄ ပေအကျယ်နှင့် ခံနိုင်ဝန်တန်(၆၀)ရှိ သော ကတ္တရာလမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တိုးချဲ့တည်ဆောက်နေသော လမ်းဖြစ်သည်။

ကျွန်တော်သည် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းကျယ်ကြီးအတိုင်း ကားလေးကို မောင်းလာရင်း ကျောက်ပန်းတောင်းမြို့အဝင် ကြက်မောက်တောင်ဆည်ကြီးအနီးအရောက်၌ လမ်းလုပ်ငန်းကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသော မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ အင်ဂျင်နီယာ ဦးမြင့်ကြည်နှင့် တွေ့ဆုံပြီး လမ်းပြုပြင်နေမှုနှင့် ပတ်သက်၍ မေးကြည့်ခဲ့ရာ ၎င်းက မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ပုဂံလမ်းကို အဆင့်မြှင့် တိုးချဲ့တည်ဆောက်ရန်အတွက် လမ်းလွှာပုံထုတ်ဒီဇိုင်း (Pavement Design) အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းသုတေသနဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီး လမ်းသုတေသနဌာနမှ ကွင်းဆင်းစစ်ဆေးစမ်းသပ်၍ လက်ရှိလမ်းအခြေအနေနှင့် ကိုက်ညီသောခံနိုင်ဝန်တန်(၆၀) ရှိသည့်(Pavement Design) အား ပုံစံပြု ထုတ်ပေးခဲ့ကြောင်း၊ ၎င်းပုံစံပြုဒီဇိုင်းနှင့်အညီ လမ်းအဆင့်မြှင့်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် သတ်မှတ်ချက်များအတိုင်း ပြီးစီးခဲ့ပြီဖြစ်သဖြင့် ခရီးသွားပြည်သူများမှာ စိတ်ချမ်းမြေ့ လျင်မြန်ချောမွေ့စွာ သွားလာနေကြရပြီဖြစ်ကြောင်း။

မိတ္ထီလာ - ကျောက်ပန်းတောင်း - ညောင်ဦး-ပုဂံလမ်း(၉၃ မိုင် ၆ ဖာလုံ) အနက် ကျောက်ပန်းတောင်း - ညောင်ဦး - ပုဂံလမ်းပိုင်း (၃၃ မိုင် ၄ ဖာလုံ)မှာ မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် လမ်းမျက်နှာပြင် ထပ်ပိုးလွှာတင်ခြင်း၊ နိမ့်မြင့်ညှိခြင်းနှင့် လိုအပ်သည့် လမ်းတာပေါင်အကျယ်ရရှိစေရန် မြေဖို့ခြင်း၊ ကြိတ်ခြင်း၊ ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် “ကျယ်ရမည်၊ ဖြောင့်ရမည်၊ နိမ့်မြင့်ပြေပြစ်ရမည်”ဟူသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း အလေးထားလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း။ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပိုင်း မိုင် ၁၀/၀၊ ၁၂/၇ နှင့် ၃၀/၄ တို့တွင် မူလလမ်းဟောင်းအား ဖြတ်ထုတ် Gradient ချပြီး နိမ့်မြင့်ပြေပြစ်အောင် ဆောင်ရွက်ခဲ့သလို မြေသားလမ်းတာပေါင်အားလည်း အနည်းဆုံး ပေ ၅၀ အကျယ်နှင့် လွင်ပြင်နေရာများတွင် ပေ ၆၀ အကျယ်ထိ မြေဖို့ခြင်း၊ မြေဖြတ်ခြင်း စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ရကြောင်း။

မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ ရေပြွန်များ (Pipe Culvert) များ၊ Box Culvert များ ၁၄၆ စင်းအား တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်၍ ယာဉ်သွားလမ်းကျယ် ၁၆ ပေနှင့် အရှည်ပေ ၁၀၀ ရှိသည့် RPT သံပေါင်တံတား နှစ်စင်းအား ၂၄ ပေအကျယ်အဖြစ် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အပြီး ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ထို့အပြင် ကုမ္ပဏီအနေဖြင့် ကသာ - စင်းခန်းလမ်း၊ မင်းဘူး - အမ်းလမ်း၊ ပြင်ဦးလွင်-မိုးကုတ်လမ်း ဧရာဝတီ တံတား ပခုက္ကူစီမံကိန်း လက်ပံခြေပေါ်ဘက် ချဉ်းကပ်လမ်းတို့တွင် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်းကို ရှင်းပြလိုက်သည်။

မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ အပြောင်းအလဲကြီး ပြောင်းလဲပြီး တိုးတက်ကောင်းမွန်လျက်ရှိသည်။ ထိုအထဲတွင် မိတ္ထီလာ-ကျောက်ပန်းတောင်း - ညောင်ဦး - ပုဂံသွားကားလမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ယခင်က ပုဂံသို့ ရန်ကုန်-ပြည်ဘက်ကသွားလျှင် ရန်ကုန်မှ ပြည်အထိသာ လမ်းကောင်းမောင်းလို့ရပြီး ပြည်မှ မကွေး၊ မကွေးမှ ကျောက်ပန်းတောင်း၊ ပုဂံ ရောက်သည်အထိ လမ်းဆိုးလမ်းပျက်များနှင့် မကွေးနှင့် ရေနံချောင်းကြား၌ ကန့်လန့်ခံနေသည့် ဒေါင်းနေချောင်းကြီးတို့ကြောင့် အခက်တွေ့ကြရသည်။ ယခုတော့ အဆိုပါ သဲချောင်းကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တံတားတည်ဆောက်ပေးခဲ့သဖြင့် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည်။ ထို့အပြင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးက သွားမည်ဆိုလျှင်လည်း မိတ္ထီလာအဝင်လမ်းမှ ခွဲထွက်၍ မိတ္ထီလာ-ကျောက်ပန်းတောင်း - ညောင်ဦး - ပုဂံလမ်းသည် အလားတူ ဖြောင့်ဖြူးသာယာ လျက်ရှိသဖြင့် ပုဂံဘုရားဖူးသွားလိုသူများအတွက် ယခုအခါတွင် “သွားလမ်းသာ၍ လာလမ်းဖြောင့်” လျက်ရှိပါကြောင်းကို ရေးသား တင်ပြလိုက်ရပါသည်။ ။

စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲသည့် အတတ်ပညာသည် နိုင်ငံအတွက် အရေးပါ လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ အုပ်ချုပ်သူများ အရည်အသွေးမြင့်အောင် မြှင့်တင်သင့်

နေပြည်တော် စက်တင်ဘာ ၁၀

ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲသည့် အတတ်ပညာသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသော အချက်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် Business School များ ဖွင့်လှစ်ပေးပြီး စီးပွားရေးစီမံခန့်ခွဲမှု အတတ်ပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ Master of Business Adminstration(MBA)သင်တန်းကို တက်ရောက်ခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် စီးပွားရေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်အား ယခုဖွင့်လှစ်လိုက်သော သင်တန်းက အကောင်အထည်ဖော်ရာ ရောက်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများအတွက် သမားရိုးကျ စီမံခန့်ခွဲမှုအဆင့်မှ ကမ္ဘာ့အဆင့်မီ စနစ်တကျစီမံခန့်ခွဲမှု အဆင့်သို့ တိုးတက်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ စီမံအုပ်ချုပ်သူများသည် ယခုသင်တန်းကို တက်ရောက်ပြီး မိမိတို့၏ အရည်အသွေးကို မြင့်သည်ထက် မြင့်အောင် မြှင့်တင်သင့်ပါကြောင်း စသည်ဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့ နံနက် ၈ နာရီတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာနက ကြီးမှူးဖွင့်လှစ်သည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့ Master of Business Adminstration (MBA) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်ဆွေမြင့်က ကျေးဇူးတင်စကား ... ဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်တန်းခန်းမအတွင်း သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။ (သတင်းစဉ်)

မိတ္ထီလာ-ကျောက်ပန်းတောင်း - ပုဂံလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်နေစဉ်။

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၂၇)ကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ်(၂၁/၄၃-စီ) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆၀၀၁၂၃၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်း ရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “တရားဦးဓမ္မစကြာ” တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်”(အပိုင်း-၆၅)**
- ၈း၅၀ ကုသိုလ်မိုးများဖြိုင်ဖြိုင်ရွာသောနေ့
- ၉း၀၅ Activities In The City
- ၉း၂၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့ သစ်မွှေးစိုက်ကြစို့
- ၉း၄၀ Sunday Talk (တေးရေးမြင့်မိုးအောင်၊ မျိုးမြတ်သူ)
- ၁၀း၁၅ ပျော်ရွှင်ဖွယ်ရာ Amuscment Park
- ၁၀း၃၀ ဗီဒီယိုပြခန်း
- ၁၀း၅၅ ဈေးဝယ်လမ်းညွှန်
- ၁၁း၃၅ မွှေးရနံ့တို့ဖြင့် ထုံမွှမ်းအပ်သော
- ၁၁း၅၀ ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
- ၁၂း၀၅ Style အတွက် Golden Bright Star
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁း၀၀ “တရားဦးဓမ္မစကြာ” တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၅ Kid's Show
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်”(အပိုင်း-၆၅)**
- ၅း၀၀ TZTM Group of Companies စွမ်းရည်ထက်အအေးခန်း စက်ရုံဖွင့်ပွဲ
- ၅း၂၀ Activities In The City
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၄)**
- ၇း၃၅ သွားမယ်စားမယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ A Journey to the Korea (Part-5)
- ၈း၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၉း၀၀ ပရီမီယာလိဂ်ရင်ခုန်သံ
- ၉း၂၅ Barclays Premier League (Fulham Vs BlackBurn)
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်”(အပိုင်း-၆၆)**
- ၁၂း၂၅ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ (ကောင်းခန့်၊ ဟေမာန်အောင်အောင်)
- ၁၂း၃၀ နူယဉ်ဆန်းထွင်ပန်းအလှဆင်
- ၁၂း၅၅ ဖီအိုရှာနှင့်သဘာဝအင်ကြင်းတော
- ၁း၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၃၀ သူဌေးကျွန်းနှင့် Ecotourism
- ၁း၅၀ ဒို့တိုင်းဌာနီဧရာဝတီ
- ၂း၁၅ ဒွါရာဝတီ၏အနုပညာ. . . ဝါးရက်ကန်းလက်ရာ
- ၂း၃၀ မြန်မာ့ရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
- ၃း၁၀ မြန်မာ့လက်ရာ
- ၃း၃၀ လီဆူးသဘာဝရိုးရာအလှ
- ၃း၅၅ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း
- ၄း၂၀ မုံရွာမြို့သို့အလည်တစ်ခေါက်
- ၄း၃၀ တရားဓမ္မများ ပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
- ၄း၅၀ ကြည်နူးမှန်းမျှော် မြတ်ရှင်မော်. . .
- ၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Norwich	-	West Borm	ESPN (Live)
၉း၂၅	Fulham	-	Blackburn	ESPN(MRTV-4)(Live)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

တာချီလိတ်မှ

နှစ်ဆန်းတစ်ပါ ၁၀ ဘီး ယာဉ်အား ရှာဖွေစစ်ဆေးရာ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၆၀၀ ကို သိမ်းဆည်း ရမိခဲ့ကြောင်း၊ အဆိုပါ စိတ်ကြွရူးသွပ် ဆေးပြားများနှင့် ဆက်စပ်ပတ်သက်သည့်တရားခံအိုက်ဆတ်အား အဆိုပါ ဝေ့လေလန်ဂိတ်၌ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့နောက် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် (၄)လမ်းရှိ အိုက်ဆတ်၏ နေအိမ်နှင့် ကားဂိုဒေါင်အတွင်းမှ အိုက်(စ်)(၈)ကီလို၊ ကေဖင်းအမှုန့် (၅၁၅) ကီလို၊ နီညိုရောင်ဆိုးဆေးအမှုန့် (၂၂) ကီလိုကျော်၊ ဆူဒိုအက်ဖီဒရင်းပါ အဖြူရောင် ဆေးပြား(၄)ကီလို၊ အီသိုင်း ဗန်နလင်ပေါင်ဒါမှုန့် (၁၀) ကီလို၊ WY စာတန်းပါ ဆေးပြားရိုက် သံမို(၂၉)ချောင်း၊ ပွိုင့်(၂၂)ငါးလုံးပြူး ဆုံလည်ပြောင်းတို သေနတ်(၁)လက်၊ စတင်းသေနတ် (၁)လက်၊ အသံတိတ်ကိရိယာ(၁)ခု၊ ကျည် မျိုးစုံ (၃၇)တောင့်၊ မော်တော်ယာဉ် (၁၀)စီး၊ မော်တော်ဆိုင်ကယ်(၁၄)စီး တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဝင်ရောက်ရှာဖွေ

ထို့နောက် တာချီလိတ်မြို့ ပါခုတ် ကျေးရွာရှိ တရားခံ အိုက်ဆတ်၏ညီ အိုက်ကျိုး၏နေအိမ်အား ဝင်ရောက် ရှာဖွေရာ WY စာတန်းပါ အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား (၆၆၀၀)၊ ပန်းနု ရောင် စိတ်ကြွရူးသွပ် ဆေးပြား (၈၀၀)၊ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား (၁၅၀၀)၊ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား အကြေ (၃၂၀)ဂရမ်၊ ပန်းနု ရောင် စိတ်ကြွရူးသွပ် ဆေးမှုန့် (၂၄၀) ဂရမ်၊ ဆေးပြားရေတွက်သည့် အဖြူရောင် ပလတ်စတစ် ပုံစံပြား (၆)ခု၊ တစ်လုံးထိုး ပြောင်းချောသေနတ် အရှည် (၁) လက်၊ ကျည်(၃၉)တောင့်တို့ကို ထပ်မံသိမ်း ဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ထပ်မံသိမ်းဆည်း

ဆက်လက်၍ တာချီလိတ်မြို့ ပါခုတ် ကျေးရွာအနီးရှိ တရားခံအိုက်ဆတ်၏ ရော်ဘာခြံအတွင်းမှ ကေဖင်း(၃၉)ကီလို၊ ပွိုင့်(၂၂)မောင်းပြန်ရိုင်ဖယ် (၃)လက်၊ အသံတိတ်ကိရိယာ (၃)ခု၊ ကျည်မျိုးစုံ (၂၆၅)တောင့်နှင့် ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် စက်အစိတ်အပိုင်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်း ရမိခဲ့ကြောင်းသိရသည်။

တရားခံ အောင်ရင်၊ စိုင်းဖူးနှင့် သိမ်းဆည်းရမိ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြားအထုပ်များ။ (သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွင် ပါဝင်သည့် တရားခံ အောင်ရင်၊ စိုင်းဖူး၊ အိုက်ဆတ်နှင့် အိုက်ကျိုး၏ ဇနီး အီနစ်တို့ (၄)ဦးအား ဖမ်းဆီးရမိသဖြင့် အမှုဖွင့် အရေးယူထားပြီး တိမ်းရှောင်တရားခံ အိုက်ကျိုးနှင့် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လောက်ကိုင်မြို့ နေလဟိုတယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား တရားခံတစ်ဦးဖမ်းဆီးရမိ၊ ဆက်စပ်တရားခံများ ဖော်ထုတ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

ရှမ်းပြည်နယ် လောက်ကိုင်မြို့ရှိ နေလဟိုတယ် ပထမထပ် အခန်းအမှတ်(၂၀၉) ရေချိုးခန်း၌ စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားသဖြင့် ကြမ်းခင်း ကျွံကျပြီး အခန်းနံရံများ ပျက်စီးသွားခဲ့ကြောင်း၊ ဟိုတယ်အမှုထမ်းများ ထိခိုက်မှုမရှိသော်လည်း ဟိုတယ်ရှေ့ ကုန်စုံဆိုင်မှ အမျိုးသမီးကြီးတစ်ဦးမှာ လွင့်စဉ်ထွက်လာသော အုတ်ခဲကျိုးထိမှန် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပေါက်ကွဲမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက အသေးစိတ် စစ်ဆေးလျက်ရှိပြီး တရားခံတစ်ဦးအား ဖမ်းဆီးရမိထားကာ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးအတွက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

KIA အဖွဲ့က ဗန်းမော်မြို့နယ် သစ်တောဦးစီးဌာနပိုင် သဖန်းပင်သစ်တောရုံးအား မီးရှို့ဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၁၀

KIA အဖွဲ့သည် စက်တင်ဘာ ၇ရက် ည ၁၀နာရီ ခွဲခန့်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့အနောက်မြောက်ဘက် သဖန်းပင် ကျေးရွာရှိ ဗန်းမော်မြို့နယ်သစ်တောဦးစီးဌာနပိုင် သဖန်းပင်သစ်တောရုံးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



စိတ်ကြွရူးသွပ် ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်အစိတ်အပိုင်း မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ချစ်သူကို ဇာတိမြေသို့ ခေါ်ဆောင်သွားသည့် ရောဘတ်ပတ်တင်ဆန်

Twilight ဇာတ်ကားများဖြင့် နာမည်ကျော်ကြားလာသည့် မင်းသား ရောဘတ်ပတ်တင်ဆန်ကယင်းဇာတ်ကား များတွင် တွဲဖက်သရုပ်ဆောင်ခဲ့သူ ၎င်း၏ချစ်သူ မင်းသမီးခရစ္စတင်းစတီး ဝပ်ကို ၎င်း၏ဇာတိမြေအင်္ဂလန်အရှေ့ တောင်ပိုင်းဒေသများသို့ ခေါ်ဆောင် သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြ သည်။

မင်းသမီးခရစ္စတင်းစတီးဝပ်သည် ယခုလောလောဆယ် လန်ဒန်မြို့တွင် Snow White and the Huntsman ရုပ်ရှင်ကားရိုက်ကူးနေစဉ် ကားရိုက် နားသည့်ရက်တွင် မင်းသားရောဘတ် ပတ်တင်ဆန်က ၎င်း၏ ဇာတိမြေသို့ အလည်အပတ်ခေါ်ဆောင်သွားခြင်းဖြစ် သည်။

သတင်းအရင်းအမြစ်တစ်ခုက The Sun သတင်းစာသို့ ပြောကြားရာတွင် ရောဘတ်က ခရစ္စတင်းကို ၎င်းမွေးဖွား ကြီးပြင်းခဲ့ရာ နေရာအနှံ့လိုက်လံပြသ ခဲ့ကြောင်း ပြောကြားသည်။

၎င်းတို့နှစ်ဦး၏ ချစ်လမ်းခရီးတွင် အရာရာတိုင်းက အဆင်ပြေချောမွေ့ နေသော်လည်း လောလောဆယ် လက်ထပ်ရန် အစီအစဉ်မရှိသေးပေ။ အကြောင်းမှာ မင်းသမီးခရစ္စတင်းစတီး ဝပ်က မကြာသေးမီက ဂျာမန်မဂ္ဂဇင်း တစ်စောင်နှင့် တွေ့ဆုံမေးမြန်းစဉ် အိမ် ထောင်ပြုရန် အလျင်စလို မလိုအပ် ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

အောဝမ်းစိုး

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဆေးပညာဆိုင်ရာ ဆွေးနွေးဟောပြောပွဲ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) သည် ပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်စေရေး ရည်ရွယ်ကာ ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ ရောဂါအလိုက် ဆွေးနွေးဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများကို သက်ဆိုင်ရာ အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ဗဟိုအသင်းအောက်ရှိ ဘာသာရပ်ဆိုင်ရာအဖွဲ့ ၂၉ ဖွဲ့၊ လုပ်ငန်းကော်မတီ ၁၂ ခုနှင့် မြို့နယ်အသင်းခွဲပေါင်း ၇၉ သင်းတို့၏ သင်တန်းများနှင့် ဆွေးနွေးဟောပြောပွဲ များတွင် ဆရာဝန်သစ်လွင်များ စိတ်ပါဝင်စားစွာ တက်ရောက်လေ့လာမှတ်သား လာကြကြောင်း သိရသည်။

ဆရာဝန်သစ်လွင်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၌ လက်ထောက်ဆရာဝန်(သို့မဟုတ်) အဆင့်တူ ရာထူးနေရာများတွင် ခန့်အပ်တာဝန် ထမ်းဆောင်စေလျက်ရှိသည်။ ကျန်းမာရေးဦးစီးဌာနတွင် လက်ထောက်ဆရာဝန်ခွင့်ပြု ရာထူး ၅၅၈၁ နေရာရှိသည့်အနက် ၃၆၄၆ နေရာ ခန့်အပ်ပြီးဖြစ်ကာ ၁၉၃၅ နေရာ လစ်လပ်နေကြောင်း၊ ဆေးသိပ္ပံပညာဦးစီးဌာနတွင် နည်းပြရာထူး ၉၂၂ နေရာရှိသည့် အနက် ၆၅၄ နေရာ ခန့်ထားပြီး လစ်လပ်ရာထူး ၂၆၈ နေရာရှိကြောင်း၊ ဌာနနှစ်ခု ပေါင်းတွင် လစ်လပ်ရာထူး စုစုပေါင်း ၂၂၀၃ နေရာရှိရာ ဆရာဝန်သစ်လွင်များအား ဖြည့်စွက်ခန့်ထားရန်ရှိကြောင်း သိရသည်။ **(ကိုချစ်)**

ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ယာဉ်မောင်းများကြောင့်ဖြစ်သဖြင့် အထူးဂရုထား မောင်းနှင်ရန်လို

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး မော်တော် ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှု ဗဟိုကော်မတီသည် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး နှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး တို့အတွက် စီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုများတွင် ယာဉ် မောင်းသူ၏ အားနည်းချက် (သို့မဟုတ်) မဆင်မခြင်မောင်းနှင်မှုများ ပါသကဲ့သို့ ယာဉ်၏ ချွတ်ယွင်းမှု၊ လမ်းများပျက်စီး မှုနှင့် ရာသီဥတုအခြေအနေတို့လည်း ပါဝင်သည်။

ယာဉ်မောင်းသူ၏ အားနည်းချက် (သို့မဟုတ်) မဆင်မခြင် မောင်းနှင်မှု ကြောင့် ဖြစ်ပေါ်ရသည့် ယာဉ်မတော် တဆ ဖြစ်မှုများတွင် ယာဉ်မောင်း၏ အာရုံလွင့်ပါးခြင်း၊ အရှိန်ပြင်းစွာ မောင်း နှင်ခြင်း၊ မူးယစ်သောက်စားမောင်းနှင် ခြင်း၊ ပင်ပန်းနွမ်းနယ်စဉ် မောင်းနှင်ခြင်း၊ ရန်လိုမောင်းနှင်ခြင်းနှင့် မောင်းနေစဉ် ဒေါသထွက်ခြင်း၊ မီးနီဖြတ်သန်းမောင်းနှင် ခြင်း၊ လမ်းညွှန်နှင့် လမ်းအမှတ်အသား များကို ဂရုမစိုက်ခြင်းတို့ကြောင့်လည်း ဖြစ်ပွားရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းခန့် မှာ ယာဉ်မောင်းများ၏ အားနည်းချက်နှင့် မဆင်မခြင် မောင်းနှင်မှုများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သဖြင့် မော်တော် ယာဉ်များ အထူးဂရုထား ဆင်ခြင်မောင်း နှင်ရန်လိုကြောင်း အသိပေးလို၊ သတိပေး လိုပါသည်။ (ညွှန့်သန်း-သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကို စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ ၂၀၁၁ တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိ သော မအိအိမှူးခင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဦးကြည် ဆုတံဆိပ်နှင့် ရွှေဟမ်းချိန်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မိဘနှစ်ပါးဖြစ်သည့် ဦးတင်ဝမ်း၊ ဒေါ်ပြုံးကြည်တို့အား ရည်စူး၍ ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ဦးတင်မောင်ဦး-ဒေါ်နှင်းနီဝင်း၊ သား-ချမ်းတုံ၊ ချမ်းဘုံ၊ ညီမ-ဒေါ်လှလှဝင်း(ရွှေအုန်းနို့ဆီဖြန့်ချိရေး) မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင် သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု

ကင်ဘိုအငယ်တန်း ဂေါက်သီးချန်ပီယံဆုပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော HAN GOLF MASTERS JUNIOR GOLF SERIES 2011 KENBO JUNIOR GOLF CHAMPIONSHIP ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ ဂေါက်ကလပ်(၉)မိုင်၌ ကျင်းပရာ အမျိုးသားအသက်(၈)နှစ်မှ (၁၂)နှစ်ပြိုင်ပွဲ၌ ဒုတိယမှ ပဉ္စမအထိဆုရရှိသူများနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယမှပဉ္စမအထိ ဆုရရှိသူများအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာမြင့်ဦးကလည်းကောင်း၊ အမျိုးသားအသက်(၁၃)နှစ်မှ (၁၅)နှစ်ပြိုင်ပွဲနှင့် အသက်(၁၆)နှစ်မှ (၁၈)နှစ်ပြိုင်ပွဲများတွင် ဒုတိယမှ ပဉ္စမအထိဆုရရှိသူများအား မြန်မာနိုင်ငံဂေါက်သီးအသင်း ကလပ်ကပ္ပတိန် ဗိုလ်မှူးကြီးစိုးဝင်း(အငြိမ်းစား)က လည်းကောင်း၊ အမျိုးသားအသက်(၁၉)နှစ်မှ (၂၁)နှစ်ပြိုင်ပွဲတွင် ဒုတိယမှ ပဉ္စမအထိဆုရရှိသူများအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်

ယင်းနောက် အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆုရ ဝင့်ဖူးနဒီအောင်၊ အမျိုးသားအသက်(၈)နှစ်မှ (၁၂)နှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုရ ထွန်းအောင်ခိုင်၊ အသက်(၁၃)နှစ်မှ (၁၅)နှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုရ ကျော်ဇင်ထွန်း၊ အသက်(၁၆)နှစ်မှ (၁၈)နှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုရ အောင်ဆန်းမျိုးနှင့် အသက်(၁၉)နှစ်မှ (၂၁)နှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုရ စည်သူရဲရင့်တို့အား HAN GOLF MASTERS Pte., Ltd. မှ CEO ဦးချမ်းဟန်က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နောက်ကျချေပဂိုးကြောင့် မြန်မာတစ်မှတ်ရ

ရန်ကုန် စက်တင်ဘာ ၁၀

အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာတို့ တစ်ဂိုးစီသရေကျသွားသည်။

(သုဝဏ္ဏကွင်း)

မြန်မာ - တစ်ဂိုး
ဗီယက်နမ် - တစ်ဂိုး

အိမ်ရှင်မြန်မာတို့ ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် ပေးလိုက်ရသော ဂိုးကြောင့် နောက်မှလိုက်ကစားခဲ့ရသည်။ ပထမပိုင်းတွင် မြန်မာတို့ ဖိကစားနိုင်ခဲ့သော်လည်း တိုင်နှစ်ကြိမ် ထိသွား၍ နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာနောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ဗီယက်နမ် ဂိုးစတင်ရရှိခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာတို့ကစားကွက်ပျက်နေ၍ ချေပဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၈၈ မိနစ်မှ ရန်နိုင်ထွေးက ချေပဂိုး ပြန်သွင်းခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

လာအို - ခုနစ်ဂိုး
ဘရူနိုင်း - ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မလေးရှား - ထိုင်း

(အောင်ဆန်းကွင်း)

ကမ္ဘောဒီးယား - ဖိလစ်ပိုင်

သတင်းမှတ်စုနှင့်
ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာတိုက်စစ်ကို ဗီယက်နမ်ဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်နေစဉ်။

မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသော မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေ၊ ရောဝတီယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် ဥဿာယူနိုက်တက် အသင်းတို့ အနိုင်ရရှိသွားသည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ-လေးဂိုး — **မကွေး-နှစ်ဂိုး**
(ဘော်စကို-နှစ်ဂိုး၊ ဒါဆေး(လ်)ဗား-နှစ်ဂိုး) — **(ရိုဒရီဂူ၊ အဘူလာဂျီ)**

ဒိုင်လူကြီး-ဦးဝင်းချို (အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)

(နေပြည်တော်ကွင်း)

ရောဝတီ ယူနိုက်တက်-နှစ်ဂိုး — **နေပြည်တော် - တစ်ဂိုး**
(နန္ဒာလင်းကျော်ချစ်၊ ဂွန်) — **(ဇော်လင်း)**

ဒိုင်လူကြီး-ဦးကိုကိုနိုင် (အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)

(ရန်ကုန်ယူနိုက်တက် မြက်ခင်းတုကွင်း)

ရန်ကုန်ယူနိုက်တက်-သုံးဂိုး — **ကမ္ဘောဇ ဂိုးမရှိ**

(ဗထူးကွင်း)

ဥဿာယူနိုက်တက်-နှစ်ဂိုး — **ရတနာပုံ -တစ်ဂိုး**

(၁၀၇)

ယူအက်စ်အိုးပင်း အင်ဒီမာရေးနှင့် ရာဖေးလ်နာဒယ်လ်တို့ ဆီမီးတက်

နယူးယောက် စက်တင်ဘာ ၁၀

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်လက်ကျန်ပွဲများကို စနေနေ့ နံနက်ပိုင်းကကျင်းပခဲ့ရာ ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ်တို့ နိုင်ပွဲရပြီး ဆီမီးဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။

အဆိုပါ အမျိုးသားတစ်ဦးချင်းကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၄)အင်ဒီမာရေးက ကမ္ဘာ့အဆင့်(၂၈)ရှိ အမေရိကန်နိုင်ငံသား ဂျွန်အစ်နာကို ၇-၅၊ ၆-၄၊ ၃-၆၊ ၇-၆ ဖြင့်လည်းကောင်း၊ ကမ္ဘာ့အဆင့်(၂) ရာဖေးလ်နာဒယ်လ်က ကမ္ဘာ့အဆင့်(၂၁)ရှိ အမေရိကန်နိုင်ငံသား ရော့ဒ်ဒက်ကို ၆-၂၊ ၆-၁၊ ၆-၃ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဆီမီးဖိုင်နယ်တွင် အင်ဒီမာရေးနှင့် ရာဖေးလ်နာဒယ်လ်တို့ ဆုံတွေ့မည်ဖြစ်သည်။

အင်တာနက်။

မန်စီးတီး အမှုဆောင်ချုပ် ရာထူးမှနုတ်ထွက်

မန်ချက်စတာ စက်တင်ဘာ ၁၀

မန်စီးတီးအသင်း၏ အမှုဆောင်ချုပ်ဖြစ်သူ ဂယ်ရီကွတ်ခ် **(အပေါ်ပုံ)**သည် မန်စီးတီးအသင်း ကစားသမားဖြစ်သည့် အိုနူဟာ၏မိခင် ဒေါက်တာအန်သိုနီယာ အိုနူဟာကိုအီးမေးလ်ပို့၍ လှောင်ပြောင်ခဲ့သည့် ပြဿနာကြောင့် ယခုအချိန်တွင် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်သည်။

ဂယ်ရီကွတ်ခ်သည် မိမိ၏ အမှားကို ဝန်ခံလိုက်ပြီး အသင်းဘုတ်အဖွဲ့သို့ နုတ်ထွက်စာ တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းပေးပို့ခဲ့သည့် အီးမေးလ်မှာ လွန်ခဲ့သည့် ၁၁ လခန့်កဖြစ်သည်။ မန်စီးတီး ဘုတ်အဖွဲ့ကယခုကိစ္စကို စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ထို့ပြင် အသင်းဥက္ကဋ္ဌအနေဖြင့်လည်း အိုနူဟာ၏မိခင် ဒေါက်တာ အန်သိုနီယာအိုနူဟာကို တောင်းပန်မည်ဟုလည်း သိရသည်။

အင်တာနက်။

ကျွန်တော်ငရဲကိုသွားဖို့အဆင်သင့်ပါပဲဆိုတဲ့ အာစင်ဝင်းဂါး

ယခု ၂၀၁၁-၂၀၁၂ ဘောလုံးရာသီအစမှာပဲ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးတစ်ယောက် ခေါင်းခဲစရာတွေ ဒုနဲ့ဒေး ကြုံတွေ့နေရသလို ဝေဖန်မှုမြောက်မြားစွာနဲ့လည်း ရင်ဆိုင်နေရပါတယ်။

ဒီလိုရင်ဆိုင်ကြုံတွေ့နေရတဲ့ အာစင်ဝင်းဂါးဟာ သူလက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေကနေ ရုန်းထွက်လို့ လွတ်မြောက်ချင်မှာအမှန်ပါပဲ။ ဒါပေမယ့် ဂန်းနားတွေရဲ့ဆရာကြီးက သူ့အနေနဲ့ အာဆင်နယ်အသင်းမှာပဲ ဆက်ရှိနေမှာဖြစ်ပြီး "I' m ready for hell"လို့ မီဒီယာတွေကို ပြောချလိုက်ပါတယ်။

သူဆိုလိုချင်တာကတော့ အာဆင်နယ်အသင်းမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ဟာ ငရဲဘုံနဲ့အတူတူပဲ။ ငရဲသွားရလည်း သူ့အတွက် ဘာမှထူးခြားမလာဘူး။

အာစင်ဝင်းဂါး

အဆင်သင့်ပါပဲလို့ ပြောချင်တာပါ။ ဝင်းဂါးက ထပ်ပြောပါသေးတယ်၊ အာဆင်နယ်အသင်းရဲ့ ကိစ္စအဝဝကို စီမံခန့်ခွဲနေတာသူတစ်ယောက်တည်းမဟုတ်ကြောင်း၊ မိမိအနေနဲ့အသင်းကို ဒီထက်ပိုမိုတောင့်တင်းစေလိုတဲ့ စိတ်စေတနာအမှန်ရှိကြောင်း၊ ယခုနှစ်ရာသီအကုန်မှာ အသင်းကို အဆင့်(၄)နေရာဝင်စေချင်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

ဒါပေမယ့် အာဆင်နယ် အသင်းရဲ့ လက်ရှိအနေအထားက ဝင်းဂါးမျှော်လင့်ထားသလို အဆင့်(၄) ဝင်ဖို့ဆိုတာ မလွယ်လှပါဘူး။ပြိုင်ဆင်မှုအားကောင်းထားတဲ့ မန်စီးတီးနဲ့လီဗာပူးတို့နဲ့ ပြိုင်ရမှာပါ။ ဒါ့ပြင် အရေးထဲ အရာပေါ်ဆိုသလိုနောက်ခံကစားသမားဗာမေလန်နဲ့ကွင်းလယ်မှာ အားထားရတဲ့ ဝီရှိုင်းယားတို့က ဒဏ်ရာပြဿနာကြောင့် ကာလအတန်ကြာအောင်အနားယူရဦးမှာပါ။ အရေးထဲမှာ အရာပေါ်နေတဲ့ အာဆင်နယ် ဒီနှစ်တော့ ကြီးလေးကြီး စာရင်းကပယ်ဖျက်ခံရဖို့ကို မြင်ယောင်လို့သာနေတော့ကြောင်းပါ။

ပရီမီယာလိဂ် ပွဲစဉ်(၄) ရလဒ်များ

အာဆင်နယ်	၁-၀	ဆွမ်ဆီး
အဲဗာတန်	၂-၂	ဗီလာ
မန်စီးတီး	၃-၀	ဝီဂန်
စတုတ်စီးတီး	၁-၀	လီဗာပူး
ဆန်းဒါးလန်း	၁-၂	ချယ်လ်ဆီး
ဝုလ်ဗာဟမ်တန်	၀-၂	စပါး
ဘော်လ်တန်	၀-၅	မန်ယူ

ဟန်သစ်

ပြည်ပရောက် မြန်မာသင်္ဘောအင်ဂျင်နီယာများ ကမ္ဘာ့အကြီးစားသင်္ဘောကြီးအား ရေချိုးစမ်းသပ်မောင်းနှင်

သတင်းထောက်
ကျော်ကျော်
(စက်မှုတက္ကသိုလ်)

မြန်မာသင်္ဘောအင်ဂျင်နီယာအချို့။

M.V PACIFIC CAPELLA သင်္ဘောကြီး၏ ကုန်လှောင်ခန်း တစ်ခန်း၌ ရှစ်ထပ်တိုက်နှစ်လုံးစာ ပမာဏရှိ ကုန်များကို တင်နိုင်ပြီး ထိုကဲ့သို့ ကုန်လှောင်ခန်းမျိုး ကိုးခန်းပါဝင်သည်။ ကုန်များတင်ဆောင်ပြီး တစ်နာရီ ရေမိုင် ၁၅ မိုင်နှုန်းသွားနိုင်သည်။ သင်္ဘောပင်မအင်ဂျင်ကြီး၏ စက်စွမ်းအားမှာ မြင်းကောင်ရေ နှစ်သောင်းခွဲရှိပြီး ဆီစားနှုန်းမှာ တစ်နေ့ ၇၃ တန်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

မြန်မာသင်္ဘောသားများအနေဖြင့် နိုင်ငံတော်အတွက် နှစ်စဉ် နိုင်ငံခြားငွေ များစွာရှာဖွေပေးခဲ့ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှလည်း မြန်မာ သင်္ဘောသားမျိုးဆက်သစ်များ ဆက်လက်မွေးထုတ်ပေးနိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ မြန်မာသင်္ဘော အင်ဂျင်နီယာအရာရှိများအား ပြည်ပသင်္ဘောကုမ္ပဏီများက လိုလို လားလား ခန့်အပ်တာဝန်ပေးလျက်ရှိသည်။

PIL သင်္ဘောကုမ္ပဏီ(စင်ကာပူ)အတွက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဒါလီယန်းမြို့ရှိ သင်္ဘောကျင်း၌ တည်ဆောက်ခဲ့သော တန်ချိန် တစ်သိန်းဝန်းကျင်ရှိ ကမ္ဘာ့အကြီးစားသင်္ဘောသစ်ကြီးအား ရေချိုးစမ်းသပ် မောင်းနှင် စစ်ဆေးမှုမျိုးစုံကို စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ တရုတ် ရေပြင်၌ ပြုလုပ်ခဲ့သည်။

စင်ကာပူနိုင်ငံ အခြေစိုက် PIL သင်္ဘောကုမ္ပဏီ၏တာဝန်ပေးချက် အရ ကိုဝင်းသန်း၊ ကိုကျော်ကျော် (ကျော်ကျော်-စက်မှုတက္ကသိုလ်)၊ ကိုအောင်သူနှင့်ကိုနေမျိုးဆွေတို့ပါဝင်သည့် မြန်မာသင်္ဘောအင်ဂျင်နီယာ အုပ်စုတစ်စုက M.V PACIFIC CAPELLA အမည်ရှိ BULK CARRIER အမျိုးအစား ကုန်တင်သင်္ဘောသစ်ကြီးအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံတစ်ဝန်း စမ်းသပ်မောင်းနှင် စစ်ဆေးမှုမျိုးစုံကို အောင်မြင် စွာ ပြုလုပ်ခဲ့ပြီးနောက် စက်တင်ဘာ ၅ ရက်က ဒါလီယန်းမြို့သို့ ပြန်လည် ရောက်ရှိသည်။

ပင်မအင်ဂျင်ကြီး အတွင်းဆုံးတစ်နေရာသို့ ဝင်ရောက် စစ်ဆေးစဉ်။

တရားမကျင့်ထုံးအမိန့်-၅၊ နည်းဥပဒေ-၂၀ သာကေတမြို့နယ်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၉

ဦးတင်ဦး(ခ)ဦးစောအေး
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခင်ခင်မာ)
အမှတ်(၁၀၉)၊ ငါးထပ်ကြီးဘုရားလမ်း၊
ငါးထပ်ကြီး(တောင်)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

၁။ ဒေါ်ရီရီဝင်း
အမှတ်(၁၄၄၃)၊ ၁၂လမ်းအရှေ့၊
(၁)ထူပါရုံလမ်း၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။
၂။ ဦးလှဦး
၃။ ဦးတင်ထွေး
အမှတ်-၁၄၃၆၊ ၁၂လမ်းအရှေ့၊
(၁)ထူပါရုံလမ်း၊သာကေတမြို့နယ်၊
ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

အထက်အမည်ပါတရားပြိုင်များ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင်တို့အပေါ်၌ တရားလိုမှ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၄၄၃)၊ ၁၂လမ်း အရှေ့(၁)ထူပါရုံလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၁၄၄၃)၊ လူနေရပ်ကွက်အမှတ်(၁)၊ နှစ်(၆၀)မြေငှားဂရန်စာချုပ်အမှတ်-သကတ ၁/ထူ/ ၀၃၀၇/၉၃ ရှိ ပေ ၄၀ × ပေ ၆၀ မြေကွက်ထဲမှ ပေ ၂၅ × ပေ ၆၀ မြေအစိတ်အပိုင်းအား ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ပြုလုပ်ချုပ်ဆို ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)သင်တို့၏ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၁ခုနှစ် စက်တင်ဘာလ ၂၀ ရက် နံနက် ၁၀ နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန်အတွက် အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများကို သင်တို့နှင့်အတူ ဤတရားရုံးတော်သို့ တစ်ပါတည်းယူဆောင်လာရမည်။

သင်တို့သိစေအပ်သည်မှာ အထက်တွင်ဆိုခဲ့သည့်နေ့ရက်၌ သင်တို့ ကိုယ်တိုင်(သို့မဟုတ်)သင်တို့၏ရှေ့နေ မလာပျက်ကွက်ပါက သင်တို့ကွယ်ရာ၌ အမှုအား တစ်ဖက်သတ်စစ်ဆေးကြားနာသွားမည်ဖြစ်ကြောင်း သိစေအပ်ပါ သည်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ကျွန်ုပ်ကိုယ်တိုင်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဦးကျော်ကျော်ဝင်း(တ/၁၆၈၂)
မြို့နယ်တရားသူကြီး

ဖခင်အမည်မှန်

ညောင်ဦးမြို့ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မနန်းစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်း(ခ) ဦးခွေး [၉/ညဥန(နိုင်)၀၀၉၆၈၉] ဖြစ်ပါကြောင်း။

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းရှုန်ဖောင်းအား အိမ်ထောင်စုစာရင်းအရ မနန်းဆိုင်ဖောင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းဆိုင်ဖောင်း**

အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းကံစိန်၏ အမည်မှန်မှာ မနန်းတန်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယိမ္မန်း [၁၃/ကတန(နိုင်)၀၇၅၆၇၁]ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဝင်းပိုင်စိုး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်လှလှမြိုင်[၁၄/ရကန(နိုင်)၁၁၄၁၀၆]ဖြစ်ပါကြောင်း။
ဒေါ်လှလှမြိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၂/၁၁

ဒေါ်အေးအေးသန့်(ခ)ဒေါ်မြမြသက် နှင့် ဦးမျိုးညွန့်
(မင်းသရဖူ စိန်ရွှေရတနာရောင်းဝယ်ရေး)

တရားလို **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးမျိုးညွန့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ်သိန်း ၈၀ (သိန်းရှစ်ဆယ်)ကျပ်တိတိ ရလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၂ ရက် (၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်)တွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ ခုနှစ်၊စက်တင်ဘာလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

မြင့်ဌေး(တ/၂၀၆၆)
မြို့နယ်တရားသူကြီး
မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၈)လမ်း၊ တိုက်အမှတ် (၂၁/၂၃)နေ ဒေါ်မိုနီမြင့်[၁၂/ပဘတ(နိုင်)၀၂၈၆၆၃]၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

၂။ ၂၃-၂-၂၀၁၀ရက်စွဲပါ ကြေးမုံသတင်းစာပါ "အများသိစေရန် ကြေညာခြင်း" ကြော်ငြာတွင် ဒေါ်မိုနီမြင့် တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သော ဆိုင်ခန်း (၈)ခန်း၏ မှတ်ပုံတင်စာအုပ်အမှတ်များ ပြောင်းလဲပြင်ဆင်လိုက်သဖြင့် ထပ်မံ ကြေညာအပ်ပါသည်။

၃။ ယခင်မှတ်ပုံတင်စာအုပ်အမှတ်	ယခုမှတ်ပုံတင်စာအုပ်အမှတ်
(၁) ၂၆၄၀၉	(၁) W - ၀၅၃၈၉
(၂)၂၆၄၁၀	(၂) W- ၀၅၃၉၀
(၃)၃၀၂၃၀	(၃) W- ၀၅၃၉၁
(၄)၃၀၂၂၉	(၄) W- ၀၅၃၉၂
(၅)၀၄၈၄၂	(၅) W- ၀၅၇၄၄
(၆)၀၄၄၉၀	(၆) W- ၀၅၇၅၁
(၇)၀၄၈၈၇	(၇) W- ၀၅၈၁၃
(၈)၂၆၃၇၇	(၈) W- ၀၅၈၁၈

အထက်ပါဆိုင်ခန်း(၈)ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုနီမြင့်တစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်သော ဆိုင်ခန်းများဖြစ်သောကြောင့် ဒေါ်မိုနီမြင့်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါဆိုင်ခန်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းအလွဲသုံးခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာလိုက်ပါသည်။

အကယ်၍ ပြုလုပ်သူအသီးသီးရှိလာခဲ့ပါက တရားဥပဒေအရတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မိုနီမြင့်သည် အထက်ပါဆိုင်ခန်း(၈)ခန်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် စပ်ဆိုင်သော အခွန်အခများကိုလည်းကောင်း၊ အမြတ်ခွန်နှင့် ပတ်သက်စပ်ဆိုင်သော အခွန်အခများကိုလည်းကောင်း မှန်မှန်ပေးသွင်းလျက်ရှိပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စပါယ်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်(၉/၁၁)၊ အခန်း ၁၀၆(၁)၊ (ပထမထပ်)၊ ၃၆လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၄၉ ၂၈၇၂၈၃

အမည်ပြောင်း

အထက(၁)ဒဂုံ ဆဋ္ဌမတန်း(E)မှ ဦးမိုးကြည်သူဝင်း၏သား မောင်ဇေနန္ဒငွေးအား မောင်ဇေခန့်စံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေခန့်စံ

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ကော၊ မြေကွက်အမှတ်-ပဥ္စမတန်း ၁၂၂၊ မြေဧရိယာ(၀. ၁၁၀)ဧက ၄၈၃၀ စတုရန်းပေရှိ နှစ်(၉၀)ဂရန်မြေကွက် ပိုင်ဆိုင်မှု (မြေရှင်အိမ်ရှင် အကျိုးခံစားခွင့်)နှင့် ယင်းမြေကွက်ပေါ် အမှတ်-၁၂၇/၁၂၉(A)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သည့် (မြေရှင်-အိမ်ရှင်)ရရှိသည့် အခန်း(၉)ခန်း၊ အခန်းတစ်ခန်း အကျယ်အဝန်းပေ(၂၅×၉၈)၊ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ ပဥ္စမထပ်၊ ဆဋ္ဌမထပ်၊ သတ္တမထပ်၊ အဋ္ဌမထပ် (Penthouse)(၉)ထပ် အဆောက်အအုံ ရေ/မီး/(ဖုန်း-၃၉၄၃၀၈) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းသန်းဦး[၉/မနမ(နိုင်)၀၀၀၉၈၀]နှင့် ဒေါ်ချိုချိုဆွေ [၁၂/ပဇတ(နိုင်)၀၀၀၅၈၂]အမည်ပေါက် နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အခန်း(၉)ခန်း (၉)ထပ်တိုက် အဆောက်အအုံတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပွင့် (LL.B , DBL, DIL)
အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၃)
အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၂၅၇၉၅၊ ၀၉ ၅၀၅၃၄၂၄

အများသိစေရန် ကြေညာချက်

မဖင်သူသူလတ်(ဘ)ဦးကိုကိုကြီး မှတ်ပုံတင်အမှတ်[၁၂/သဃက(နိုင်) ၀၅၆၁၈၇] ကိုင်ဆောင်သူသည် အစ်ကိုအစ်မများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အစ်ကိုအစ်မများလက်မခံနိုင်သည့် ကိစ္စအဝဝကို ပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်လာမည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ဒေါ်တင်တင်ဝင်း
[၁၂/သဃက(နိုင်)၀၂၀၉၈၆]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/အယ်လ်)၊ မြေကွက်အမှတ်(၁၆၀)အရ မြေဧရိယာ(၂၅ပေ × ၅၈ပေ)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းနှင့် ဦးအောင်ကြီးတို့ ပူးတွဲအမည်ဖြင့် မှတ်သားထားပြီး ဦးသိန်းသည် မြေကွက်၏တောက်ဘက်ခြမ်းကို ပိုင်ဆိုင်ကာ ဦးအောင်ကြီးသည် မြေကွက်၏မြောက်ဘက်ခြမ်းကို ပိုင်ဆိုင်ခဲ့ပါသည်။ ဦးသိန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဒီတို့ ကွယ်လွန်ပြီးနောက် ဦးသိန်း ပိုင်ဆိုင်သော မြေကွက်၏ တောင်ဘက်ခြမ်း အကျယ် (၁၂ပေခွဲ × ၅၈ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၅(ဝဲ)၊ ၆၄-လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော (၂)ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တစ်ဦးတည်းသော ကျန်ရစ်သူသား ဦးခင်မောင်ရွှေ[၁၂/ဗတထ(နိုင်)၀၁၇၁၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၈)လမ်း၊ တိုက်အမှတ် (၂၁/၂၃)နေ ဒေါ်မိုနီမြင့်[၁၂/ ပဘတ(နိုင်)၀၂၈၆၆၃]၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဦးအဘွလ်ရှာဖော် (A.K-011651)နှင့် ကျွန်မ ဒေါ်မိုနီမြင့်[၁၂/ပဘတ(နိုင်) ၀၂၈၆၆၃]တို့သည် ၂-၁၂-၂၀၀၈ ရက်တွင် အစ္စလာမ်ဓလေ့ထုံးစံနှင့်အညီ စာချုပ်စာတမ်းဖြင့် တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။

၂။ (၁၉၉၆)ခုနှစ်တွင် ဒေါ်မိုနီမြင့်၏ဖခင် ဦးမောင်မြင့် ကွယ်လွန်ပြီးနောက် ကျန်ရစ်သူ ဒေါ်မိုနီမြင့်၏ မိသားစု(၆)ဦးမှ ဦးမောင်မြင့်၏ ကျန်ရစ်သော ပစ္စည်းများကို အစ္စလာမ်တရားတော်နှင့်အညီ စာချုပ်စာတမ်းများဖြင့် အမွေခွဲဝေပြီးဖြစ်ပါသည်။

၃။ ထို့ကြောင့် ဒေါ်မိုနီမြင့်အား မည်သူတစ်ဦးတစ်ယောက်(သို့မဟုတ်) မည်သည့် လူ့အဖွဲ့အစည်းများမှ ဖိအားပေးအနိုင်ကျင့်ခြင်း၊ ဒေါ်မိုနီမြင့်၏ စီးပွားရေး၊ လူမှုရေးများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ဟန့်ထားခြင်း၊ ကာအိမ်ရွှေ့ပျက်အောင် နှောင့်ယှက်မှုများပေးခြင်း၊ မဟုတ်မမှန်သတင်းများလွှင့်ခြင်း၊ ကိုယ်ထိလက်ရောက်ပြုမူစော်ကားခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့သည်ရှိသော် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စပါယ်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်(၉/၁၁)၊ အခန်း ၁၀၆(၁)(ပထမထပ်)၊ ၃၆ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၉ ၂၈၇၂၈၃

စွန့်လွှတ်ကွာရှင်းကြောင်းကြေညာခြင်း

၁။ ကျွန်ုပ်၏အမှုသည် မစုစုဖြိုး[၆/ကသန(နိုင်)၀၃၇၄၂၅]သည် အမှတ် (၁၉)၊ ပျဉ်းမလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ ညွှန်ကြားချက်အရ ၎င်း၏ကိုယ်စားအောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ မစုစုဖြိုး[၆/ကသန(နိုင်)၀၃၇၄၂၅]နှင့် မောင်မင်းသွေး [၆/ထဝန(နိုင်) ၁၁၅၈၃၈]တို့သည် ၁၄-၁၀-၂၀၀၉ ရက်၌ ယခင် ရန်ကုန်တိုင်းတရားရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကတိသစ္စာပြုပြီး တရားဝင်အကြင်လင်မယား အဖြစ် ပေါင်းသင်းခဲ့ကြပါသည်။

၃။ ၂၀၁၀ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်မှစ၍ မောင်မင်းသွေးသည် ကျွန်ုပ်၏ အမှုသည် မစုစုဖြိုးကိုစွန့်လွှတ်ခဲ့ပြီး လင်မယားအဖြစ်ပေါင်းသင်းရန်ငြင်းဆိုလျက် လင့်ဝတ္တရားအရ ထောက်ပံ့မှုများကိုလည်း ပျက်ကွက်ခဲ့ကာ ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်စွပ်စွဲပြီး ရိုင်းပျစွာပြောဆိုခြင်းများကိုလည်း ကျူးလွန်လျက်ရှိ၍ ၎င်းနှင့်အကြင်လင်မယားအဖြစ် ဆက်လက်မပေါင်းသင်းနိုင်ပါ။ ၎င်း၏မမှန်မကန်ပုတ်ခတ်စွပ်စွဲပြောဆိုခြင်းများကို ကျွန်ုပ်၏ အမှုသည် မစုစုဖြိုးက လက်ခံခြင်းမပြုကြောင်းဆိုကြောင်းနှင့် ၃-၉-၂၀၁၁ ရက်မှစပြီး မောင်မင်းသွေးအနေနှင့် ကျွန်ုပ်၏အမှုသည် မစုစုဖြိုးအား စွန့်လွှတ်ခဲ့ခြင်းကို ကျွန်ုပ်အမှုသည်က ၎င်း၏အခွင့်အရေးများကို ထိခိုက်စွန့်လွှတ်ခြင်းမရှိဘဲ လက်ခံပါသည်။

မောင်မင်းသွေးကိုလည်း မစုစုဖြိုးက စွန့်လွှတ်ကွာရှင်းပါကြောင်းကို ကြေညာအပ်ပါသည်။ နောက်နောင် မောင်မင်းသွေးနှင့်ကျွန်ုပ်၏အမှုသည် မစုစုဖြိုးတို့လုံးဝမသက်ဆိုင်ကြောင်းကိုလည်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်အေး(စဉ်-၂၁၀၃၄)
B.Sc,H.G.P,D.B.L.,D.M.L
အထက်တန်းရှေ့နေ
အမှတ်(၁၇၇)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော်မောင်သက်ထက်ပိုင်(ခ)ကိုသက် [၁၂/သကတ(နိုင်)၁၆၂၄၄၅]နှင့် ကျွန်မ မခင်စိုးလင်း (ခ) လင်းလင်း [၁၂/သကတ(နိုင်)၁၅၈၃၁၆] တို့သည် ၂၅-၄-၂၀၁၁ ရက်မှစ၍ နှစ်ဦးသဘောတူ တရားဝင် အကြင်လင်မယား အဖြစ်မှကွာရှင်းပြီးပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မခင်စိုးလင်း
[၁၂/သကတ(နိုင်)၁၅၈၃၁၆]

သန္တုဋ္ဌိစ တေံ မင်္ဂလ မုတ္တမံ = ရောင့်ရဲလွယ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့် ချမှတ်ထားသော စည်းကမ်းများကို တိကျစွာလိုက်နာ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန် အားကစား လေ့ကျင့်ရေးစခန်းသို့ရောက်ရှိလာပြီး ရေကူး၊ စားပွဲတင်တင်းနစ်နှင့် ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အချိန်ကာလနီးကပ်လာသည်နှင့်အမျှ မိမိတို့ မြန်မာအားကစား အဖွဲ့အနေဖြင့် အောင်မြင်မှုဆုတံဆိပ်များ အဆင့်မြင့်မားစွာရရှိနိုင်စေရေးအတွက် တစ်ဦးချင်း၊ အသင်း/အဖွဲ့လိုက် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်သွားကြရန်နှင့် ချမှတ်ထားသော စည်းကမ်းများကို တိကျစွာလိုက်နာသွားကြရန် မှာကြားကာ အားကစားသမားများအား ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အားကစားလေ့ကျင့်ရေးစခန်းနှင့် တာမွေမြို့နယ် ကျိုက္ကဆံ မြားပစ်အားကစား **စာမျက်နှာ ၉ ကော်လံ ၁ သို့◆**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန် အားကစားလေ့ကျင့်ရေးစခန်း၌ ရေကူးအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သွားလမ်းသာ၍ လာလမ်းပြောင့်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံသွားကားလမ်း

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ- ကျော်မိုးလှိုင်

စာရေးသူသည် ဩဂုတ်လ နောက်ဆုံးပတ်က ပုဂံဘုရားဖူးခရီး သွားခဲ့သည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းအတိုင်း ပုဂံသို့ ယခင်က ကားဖြင့်အကြိမ်ကြိမ်သွားဖူးရာ အလွန်ဆိုးသောလမ်း ဖြစ်သည်။ ယခုတော့ ထိုသို့မဟုတ်တော့ပြီ မိတ္ထီလာမှ ကျောက်ပန်းတောင်း - ညောင်ဦး- ပုဂံအထိ ကားလမ်း ၉၃ မိုင် ခြောက်ဖာလုံကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြတ်နိုးသူကုမ္ပဏီတို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် အရ လမ်းများဖောက်လုပ်ရေး အဆင့်မြှင့်တင်ရေး လုပ်ငန်းကို Build Operate & Transfer စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် လမ်းမှာ ကျယ်ကျယ် ပြန့်ပြန့် ချောမွေ့ပြေပြစ်နေသည်။

ထိုလမ်းကို B.O.T စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်(၁-၄-၂၀၀၈)ရက်နေ့တွင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန်အတွက် အဆိုပြုလွှာ (PROPOSAL) ကို သတ်မှတ်ပုံစံများအတိုင်းပြုစုပြီး တင်ပြစိစစ်မှုခံယူခဲ့ရာ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ခွင့်ပြုမိန့်ရရှိခဲ့သည်ဟု သိရသည်။

ယင်းသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိပြီးနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီတို့သည် ၂၀၁၀ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ယခင်(၁-၄-၂၀၀၈) ရက်နေ့က ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ် ကန်ထရိုက်နံပါတ်ကို ပယ်ဖျက်၍ ကန်ထရိုက်နံပါတ်အသစ်(၂၀၁၀-၁၁/ဘီအိုတီ/၁၁) ဖြင့် ပဋိညာဉ်စာချုပ် ထပ်မံချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပိုင်း မိုင် ၆၀ နှစ်ဖာလုံသည် ကုမ္ပဏီမှလွှဲပြောင်းရယူစဉ်က လမ်းအခြေအနေမှာ **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံလမ်းကို သတ်မှတ်လမ်းအကျယ်ရရှိအောင် စက်ကြီးများဖြင့် ဆောင်ရွက်နေစဉ်။

၂၄ ပေအကျယ်နှင့် ခံနိုင်ဝန် တန်(၆၀)ရှိသော ကတ္တရာလမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တိုးချဲ့တည်ဆောက်နေ

တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်အစိတ်အပိုင်းမျိုးစုံနှင့် ဓာတုဗေဒပစ္စည်းများ၊ လက်နက်ငယ်များ သိမ်းဆည်းရမိ

တရားခံ(၄)ဦးအား အမှုဖွင့်အရေးယူထား

နေပြည်တော် စက်တင်ဘာ ၁၀

တာချီလိတ် (မူးယစ်)အထူးအဖွဲ့မှ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်းကျော်၊ အိုက်(စ်)၊ ကေဖင်းအမှုန့်တို့ အပါအဝင် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်အစိတ်အပိုင်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတုဗေဒ ပစ္စည်းများ၊ လက်နက်ငယ်မျိုးစုံ ခြောက်လက်နှင့် ဂုဏ်ကျည်ထောင့်မျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်သည့် တရားခံလေးဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် တာချီလိတ်မြို့ ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာချီလိတ် (မူးယစ်)အထူးအဖွဲ့မှ ပူးပေါင်းအဖွဲ့သည် ဝမ်ပုံကျေးရွာဘက်မှ ယာဉ်မောင်းအောင်ရင် မောင်းနှင်ပြီး စိုင်းဖူးလိုက်ပါလာသည့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❏**

တရားခံအိုက်ဆတ်နှင့် သိမ်းဆည်းရမိလက်နက်ငယ်များ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။(သတင်းစဉ်)